ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (20-10-2005)(၄၇၅၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း အောင်မြင် ပတ်ဝန်းကျင်ရှိ တိုင်းရင်းသား တောင်သူလယ်သမားများအတွက် စံနမူနာပြစိုက်ခင်းများနှင့် မွေးမြူရေးစခန်းများအဖြစ် ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ပြီး မွန်းလွဲ ၁၂နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးလေဆိပ်သို့ရောက်ရှိရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်းနှင့် တပ်မတော် အရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကြိုဆို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဟဲဟိုး–ရွှေညောင် ကားလမ်းတစ်လျှောက်နှင့် ရွှေညောင်–ရပ်စောက် ကားလမ်းတစ်လျှောက်တို့ရှိ လမ်းပိုင်းအခြေအနေများနှင့် လမ်းဘေးဝဲ/ယာ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရွှေညောင်မှ ၁၂မိုင်အကွာ ရွှေညောင်–ရပ်စောက်ကားလမ်းရှိ တောင်ကြီးမြို့နယ် ကွန်လုံ ကျေးရွာအုပ်စု ရေပူကျေးရွာ၏ အနောက်ဘက်၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ စိုက်ပျိုးမွေးမြူရေးစခန်း ရှင်းလင်း ဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီးညွန့်လင်းက ကျောက်နီ ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်း၏ တည်နေရာနှင့် နောက်ခံသမိုင်း၊ နှစ်ရှည်၊ နှစ်တိုနှင့် စားဖိုချောင်သီးနှံများ စိုက်ပျိုး ဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်နေမှု၊ ရေရရှိရေးအတွက် ဖျိုင်းချောင်းကိုပိတ်၍ ရေလှောင်ဆည် တည်ဆောက် နေမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းစေရန်အတွက် ကျွမ်းကျင်သူပညာရှင်များ နှင့်ဆက်သွယ်၍ နည်းပညာများ ရယူဆောင်ရွက် နေမှု အခြေအနေတို့ကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တောင်ကြီးမြို့နယ် ကွန်လုံ ကျေးရွာအုပ်စု ရေပူကျေးရွာရှိ ကျောက်နီ ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်းကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)



ကြေးမုံ ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❋ *နိုင်ငံတော်တွင် တတိယကာလတို ငါးနှစ်စီမံကိန်းကို ၂၀၀၁–၂၀၀၂ခုနှစ်မှ ၂၀၀၅–၂၀၀၆ခုနှစ်အထိ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ ၂၀၀၄–၂၀၀၅ခုနှစ်တွင် စီမံကိန်းရည်မှန်းချက်များ ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပေသည်။*

(ခေါင်းကြီး) စာမျက်နှာ–၂

❋ *အမှန်တကယ် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး (ရင်ကြားစေ့ရေး)ကို လိုလားတယ်ဆိုရင် တစ်ဖက်တွင် တည်ဆဲအစိုးရဟာ အမျိုးသားရေးအင်အားစုကြီး တစ်ရပ်ဖြစ်တဲ့အတွက် အကျပ်အတည်းတွေ့နေရင်တောင် ကူညီရိုင်းပင်းတဲ့ မိတ်ဆွေကောင်းသဖွယ် ဆက်ဆံရေး (A friend in need) ထူထောင် ဆောင်ရွက်သွားမယ်ဆိုရင် ဒါဟာ အပြန်အလှန် ယုံကြည်မှုအုတ်မြစ်ကို ချခင်းတည်ဆောက်တာပဲဖြစ်တယ်။*

အောင်မိုးစံ၏(ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(20-10)Internet 1 1/1/32, 11:46 AM

ရှေ့မှီ The Mirror

၂၀-၁၀-၂၀၀၅
(ကြာသပတေးနေ့)

စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် ကဏ္ဍအလိုက် တက်ညီလက်ညီဝိုင်းဝန်းဖော်ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရန် အမျိုးသားစီးပွားရေး တိုးတက်တောင့်တင်းခိုင်မာအောင် စီမံကိန်းများ စနစ်တကျ စီမံချမှတ် ဖော်ဆောင်ပေးနေသည်။

ယင်းသို့ ကြိုးပမ်းဖော်ဆောင်ရာတွင် နိုင်ငံတော်၏ ဦးတည်ချက်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများနှင့် လိုက်လျောညီထွေဖြစ်စေမည့်အပြင် နိုင်ငံတကာ စီးပွားရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေအလားအလာများနှင့်လည်း ဆီလျော်မည့် စီးပွားရေးမူဝါဒများကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာစေရေးအတွက် ပြည်တွင်းတွင်ရှိသော သဘာဝသယံဇာတ အရင်းအမြစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များကို အမျိုးသားရေးအကျိုးစီးပွားအတွက် တန်ဖိုးမြှင့်တင် အသုံးချလျက်ရှိသည်။

ယင်းသို့ဖြင့် စီးပွားကုန်ထုတ်မှုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း ပြည်နယ်နှင့်တိုင်း တစ်ခုနှင့် တစ်ခု၊ ဒေသတစ်ခုနှင့် တစ်ခုကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းပြီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်း၊ စီမံချက်လုပ်ငန်းများအား ကွက်ပြည့်အကောင်အထည်ဖော်လျက်ရှိနေပေသည်။

ယခုအခါ ပြည်နယ်၊ တိုင်းအလိုက်၊ ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းကိစ္စရပ်များကို လျာထားသတ်မှတ်ချက်နှင့်အညီ ပြီးစီးအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တွင် တတိယကာလတို ငါးနှစ်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စီမံကိန်းရည်မှန်းချက်များ ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပေသည်။

ယခုအခါ တတိယကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဩဂုတ်လကုန်အထိ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ပြီးစီးနေပြီဖြစ်သည်။ သက်ဆိုင်ရာဒေသတာဝန်ခံများအနေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှုအပေါ် မူတည်၍ အားသာချက် အားနည်းချက်များကို သုံးသပ်ပြီး ယခုနှစ်စီမံကိန်း ရည်မှန်းချက်များအောင်မြင်စေရန် ကဏ္ဍအသီးသီးမှ ဌာနဆိုင်ရာအားလုံးပါဝင်၍ အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများကို စနစ်တကျ ချမှတ်ဖော်ဆောင်လျက်ရှိရာ တည်ငြိမ်မြင့်မားသော စီးပွားရေး တိုးတက်မှုနှုန်း ဆက်တိုက်ရရှိနေပြီဖြစ်သည်။ အဆိုပါ အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ပြည်ပပို့ကုန်တန်ဖိုး တိုးတက်လာစေရေး၊ နိုင်ငံခြားငွေအရ-အသုံး သာမန်စာရင်းပိုငွေရရှိရေးတို့အတွက် ကဏ္ဍအသီးသီး၊ ဌာနအသီးသီးမှ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က တစ်မျိုးသားလုံး အကျိုးစီးပွားအတွက် ချမှတ် အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအနေဖြင့် ဖွဲလုံ့လဝီရိယ အပြည့်အဝထားကာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရောင်တော်ဖွင့်ပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၇ရက် နံနက် ၈ နာရီတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် မှန်လုံဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ကျိုက်ထိုမြို့ ရတနာမာန်အောင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဇောတိကအမှူးရှိသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်ရွတ်အသင်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ တိုင်းမှူးနှင့်ဇနီး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီး၊ တာဝန်ရှိသူများသည် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ရောင်တော်ဖွင့်ပေး၍ အမွေးနံ့သာဖြင့် ပူဇော်ကြသည်။

ထို့နောက် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဆရာတော် သံဃာတော်များက စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်များသည် နိုင်ငံတော် ဩဝါဒါစရိယ ကျိုက်ထိုမြို့ ရတနာမာန်အောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇောတိကထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျိုက်ထိုမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အင်ဂွတ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒိမာထံမှ အနုမောဒနာတရားနှင့် ရေစက်ချ တရားနာယူကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသူများအား နှုတ်ဆက်အားပေး၍ စေတီတော် ပတ်ဝန်းကျင် ဈေးဆိုင်ခန်းနေရာချထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ဗုဒ္ဓဂယာကျောင်းတော်ကြီး မဟာဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်ကြီး၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိန္ဒအား အမှူးထား၍ တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် လျာသက်န်း ဆက်ကပ်လှူဒါန်းပွဲကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်း အမှတ်(၁၂၇)ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်ကြီး၌ အောက်တိုဘာ ၃၀ရက် နံနက် ၉နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ရွှေပင်ငွေပင် ဦးသန်းထွန်းနှင့် အတွင်းရေးမှူး ဦးလှမြိုင်၊ ဖုန်း-၅၃၇၅၉၇ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

အမျိုးသားဆေးသုတေသန စမ်းသပ်မှုဆိုင်ရာကျင့်ဝတ်ကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

အမျိုးသားဆေးသုတေသန စမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ အမျိုးသားဆေးသုတေသန စမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ အမျိုးသားဆေးသုတေသန စမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားရာ၌ ယခုအစည်းအဝေးကျင်းပရခြင်းမှာ အမျိုးသားဆေးသုတေသန စမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ၏ တာဝန်ကို ဆွေးနွေးညှိနှိုင်းကြရန်နှင့် ဌာနဆိုင်ရာကျင့်ဝတ်ကော်မတီများ၏ ဖွဲ့စည်းပုံလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းတာဝန်များ တစ်ပြေးညီဖြစ်အောင်ရေးဆွဲ၍ ပြန်လည်ဖွဲ့စည်းရန် လိုအပ်ကြောင်း။

သုတေသနလုပ်ငန်းများကို ထိန်းကွပ်ရန် ကျင့်ဝတ်ကော်မတီများ မရှိမဖြစ်လိုအပ်လာကြောင်း၊ သုတေသနလုပ်ငန်းမှန်သမျှကို စိစစ်သုံးသပ်ပြီးမှ ဆောင်ရွက်ခွင့်ပြုရန် ကျင့်ဝတ်ကော်မတီများမှ တာဝန်ရှိလာသည့်အတွက် ဌာနဆိုင်ရာ ကျင့်ဝတ်ကော်မတီများနှင့် အမျိုးသားကျင့်ဝတ်ကော်မတီများကို ဖွဲ့စည်းထားရှိခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

ထာဝရဆေးပဒေသာပင်

ရန်ကုန်မြို့ သာကေတမြို့နယ် မြန်မာ့ရေနံ သာကေတ နှစ်ထပ်ဆောင်(၄)နေ ဦးတင်အောင်-ဒေါ်အေးအေးမူ မိသားစုက ဦးတင်အောင်၏ မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် သရဖီလမ်းနေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးကျင်ရင်၊ ဒေါ်ဟန်နွေး သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ်**
-Problems of Philosophy, The nature and Scope of Philosophy
(တတိယနှစ်-ဒဿနိကဗေဒ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ ပင်ကင်းနှင့်လိုက်ကင်း ကာတွန်းဇာတ်လမ်း(အပိုင်း-၃)
၆:၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၂၉)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြဝတီရဲ့မြဝတီ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားရှင်" (အပိုင်း-၂၁)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း တိုးချဲ့ဆောင်ပါဝင်လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၉

ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်စီစဉ်မှုဖြင့် ဝေဒနာရှင်များအတွက် ရန်ကင်း ပြည်သာယာရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းကို အထူးကုဆရာဝန်ကြီးများပါဝင်၍ ကုသပေးနိုင်ရန်အတွက် နှစ်ထပ်ဆောင် တိုးချဲ့ဆောက်လုပ်မည်ဖြစ်ရာ အာယုဒါန ဆေးကုသဆောင် အလှူရှင်အဖြစ် ရွှေပြည်ဟိန်းကျောင်း ဖုန်း- ၅၄၁၄၉၃ သို့ ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာရှိ ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

❋ **ရှေ့ဖုံးမှ**

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ကျောက်နီစခန်းကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးမြေများကို ဖော်ထုတ်ရင်း အခြားတစ်ဖက်ကလည်း နှစ်ရှည်နှစ်တိုနှင့် ရာသီသီးနှံများကို စိုက်ပျိုးလျက်ရှိပါကြောင်း၊ ယခုအခါ ဖော်ထုတ်ပြီး မြေဧကများအတွင်း စိန်တလုံးမျိုးသရက်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ရော်ဘာစိုက်ပျိုးမှုကို စတင်စမ်းသပ် စိုက်ပျိုးသွားမည်ဖြစ်ပြီး အောင်မြင်ဖြစ်ထွန်းမည်ဆိုပါက တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ကျန်နှစ်ရှည်သီးနှံပင်များကိုလည်း စီမံကိန်းအလိုက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ကျန်ရှိနေသော မြေဧရိယာများကိုလည်း ဆက်လက်၍ ဖော်ထုတ်ရင်း စိုက်ပျိုး၊ စိုက်ပျိုးရင်း ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအလိုက် တာဝန်ပေးအပ်ပြီး လုပ်ငန်းများအောင်မြင်စေရန် ဖိဖိစီးစီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများအလိုက် မြေနေရာချထားမှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆွေးနွေးမှာကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးတွင် အမျိုးသားစီးပွားရေးခိုင်မာတောင့်တင်းရေးသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းလာစေရန် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်မှု၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် နှစ်ရှည်သီးနှံပင်များ၊ ရာသီသီးနှံပင်များ၊ စားဖိုဆောင်သီးနှံပင်များ လျာထားသတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးဖြစ်ထွန်းမှုများနှင့်အတူ စိုက်ပျိုးရေရရှိရေးအတွက် ဖျိုင်းချောင်းကိုပိတ်၍ မြေသားတမံအမျိုးအစား ရေလှောင်ဆည်ကိုပါ တည်ဆောက်နေသည့် ကြိုးပမ်းဆောင်ရွက်ချက်များကို တွေ့ရှိရ၍ များစွာ ဝမ်းသာပီတိဖြစ်ရကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း မြေလွတ်၊ မြေရိုင်းများကို အတတ်နိုင်ဆုံး မကျန်ရှိစေရအောင် စိုက်ပျိုးမြေများအဖြစ် ကြိုးပမ်းဖော်ထုတ်ဆောင်ရွက်မှုအတွက် မှတ်တမ်းတင်ရမည်ဖြစ်ကြောင်း။

စံနမူနာပြ

ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် ဖြစ်ထွန်းအောင်မြင်မှုများသည် ပတ်ဝန်းကျင်ဒေသအသီးသီးရှိ တိုင်းရင်းသား တောင်သူလယ်သမားများအတွက် ရှေ့ပြေးစံနမူနာပြ စိုက်ခင်းများနှင့် မွေးမြူရေးစခန်းများအဖြစ် ရေးရှုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ငွေကြေးအမြောက်အမြား ရင်းနှီးစိုက်ထုတ်ကာ ပြည်ပဈေးကွက်အထိ ထိုးဖောက်တင်ပို့နိုင်အောင် စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်လာနိုင်မည်ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍလည်း တိုးမြင့်လာမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း)ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ယခုထက်ပိုမိုပြီး တိုးတက်အောင်မြင်ဖြစ်ထွန်းလာရေးအတွက် တိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ဖျိုင်းချောင်းကိုပိတ်၍ တည်ဆောက်ထားသည့် အကျယ် ၅၅ ပေ၊ အမြင့် ၁၅ ပေ၊ အလျား ၇၈ ပေရှိ ကျောက်ဝန်းရံ ရေပိုလွှဲကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရေပိုလွှဲမှ ကျဆင်းသောရေကို အသုံးပြု၍ စိုက်ခင်းနှင့် စိုက်ခင်းအနီးဝန်းကျင် ကျေးရွာများ၌ နွေမိုးဆောင်း လျှပ်စစ်မီးရရှိရေးအတွက် အသေးစား ရေအားလျှပ်စစ်စက်များကို ထုတ်လုပ်တပ်ဆင်သွားနိုင်ရန် စီမံဆောင်ရွက်သွားရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဖျိုင်းချောင်း ရေလှောင်ဆည်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများသည် ဖျိုင်းချောင်းရေလှောင်ဆည်အတွင်းသို့ ရွှေဝါငါးကြင်း၊ ငွေရောင်ငါးကြင်းနှင့် မြက်စားငါးကြင်း စုစုပေါင်း ကောင်ရေတစ်သိန်းခွဲခန့်ကို စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း စိန်တလုံးမျိုး သရက်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ရာသီသီးနှံ ပဲစင်းငုံများ အောင်မြင်ဖြစ်ထွန်းမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသ၌ဖြစ်ထွန်းပြီး ဈေးကွက်ဝင်မည့်သီးနှံများကို သုတေသနပြုစုပြီး ရှာဖွေဖော်ထုတ် စိုက်ပျိုးရန်နှင့် မြေလွတ်မြေလပ်အားလုံးမကျန်အောင် စိုက်ပျိုးမြေအဖြစ် ပြောင်းလဲတိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း စိုက်ပျိုးရန် ပြုစုပျိုးထောင်ထားသည့် ပျိုးခင်းသို့ သွားရောက်ကြပြီး သရက်၊ သစ်ဆိမ့်၊ တညင်း၊ နှင်းသီး၊ လိုင်ချီး၊ ဝါး၊ လက်ဖက်၊ ကော်ဖီနှင့် ပျားလိမ္မော်ပင်များကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် ၂၀၀၄ခုနှစ် မတ် ၇ ရက်မှစ၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ဧက ၂၀၀၀၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဧက ၁၀၀၀၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက ဧက ၁၀၀၀ နှင့် အထူးဒေသ(၄)က ဧက ၁၀၀၀ မြေနေရာသတ်မှတ်ခွဲဝေ ဆောင်ရွက်လျက်ရှိပြီး ယခုအခါ စိန်တလုံးသရက်ပင်တစ်သောင်း၊ သစ်ဆိမ့်ပင်တစ်သောင်း၊ တညင်းပင် ၃၇၀၀၊ ခြံစည်းရိုးအဖြစ် ဝါးပင် ၂၇၃ပင်၊ လက်ဖက်ပင် ၆၂၀၀၊ ဆိုးဆေးပင်တစ်သောင်း၊ ကော်ဖီပျိုးပင် ငါးထောင်၊ ဝက်သစ်ချပင် ၁၀၀၀ နှင့် ပျိုးပင် ၃၄၀၀၊ အုန်းဆံစိမ့်ပင် ၁၇၀၀၊ ပျားလိမ္မော်ပင် ၁၀၀၀၊ သံပရာပျိုးပင် ၃၀၀၊ ရော်ဘာပျိုးပင် ၆၈၀၀ တို့ကို စိုက်ပျိုးပြုစု ပျိုးထောင်ထားလျက်ရှိကြောင်းနှင့် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများက စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်လိုသော အဖွဲ့အစည်းများကိုလည်း မြေနေရာချထားပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရပ်စောက်-ရွှေညောင် ကားလမ်းဘေးရှိ တောင်ကြီးမြို့နယ် ရွှေညောင်ကျေးရွာအုပ်စု ကုန်းလှိုင်ကျေးရွာအနီးရှိ တောင်ကြီးမြို့နယ်၏ ၂၀၀၅-၂၀၀၆ခုနှစ် ရွှေရင်အေးမိုးစပါးဧက ၁၀၀စံပြကွက်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တောင်ကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်မြင့်က မိုးစပါးဧက ၁၀၀ ၌ တောင်သူတစ်ဦးချင်းအလိုက် ရွှေရင်အေးစပါးများ စိုက်ပျိုးခဲ့မှုအခြေအနေ၊ တောင်ကြီးမြို့နယ်၌ လက်ရှိစိုက်ပျိုးနိုင်သည့် မြေဧရိယာ ၉၁၇၅၈ဧကရှိသည့်အနက် အသားတင်စိုက်ပျိုးမြေ ၈၇၂၁၆ ဧက၊ ပလပ်မြေ ၄၅၄၂ ဧက၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၃၇၂၂၈ ဧက၊ တောရိုင်း ၄၇၇၄၉ ဧကနှင့် မြေရိုင်း ၇၉၁၈၉ ဧကရှိမှုအခြေအနေ၊ ၂၀၀၅-၂၀၀၆ခုနှစ် စိုက်ပျိုးရေးရာသီတွင် မိုးစပါး ၃၇၁၁၄ ဧက၌ လယ်စပါး ၂၄၅၅၃ ဧကနှင့် ယာစပါး ၁၂၅၆၁ဧက စိုက်ပျိုးနိုင်ခဲ့မှု အခြေအနေတို့ကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဒေသဝမ်းစာဖူလုံရေးအတွက် လွန်ခဲ့သည့်တစ်နှစ်ကျော်မှစ၍ တောင်ကြီးမြို့နယ်အတွင်း ဒေသနှင့်ကိုက်ညီသည့် ရွှေရင်အေးမျိုးကို တိုးချဲ့စိုက်ပျိုးခဲ့မှုနှင့် ဆက်လက်၍ တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒေသခံတိုင်းရင်းသားတောင်သူများအား ဒေသ၌ စိုက်ပျိုးနေသည့် ရွှေရင်အေး မိုးစပါးအထွက်နှုန်းများ၊ ဆောင်းသီးနှံ ကြက်သွန်စိုက်ပျိုးမှုမှ သီးနှံထွက်ရှိမှုနှင့် ဈေးကွက်အတွင်း ရောင်းချရမှုအခြေအနေများကို မေးမြန်းသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားရာတွင် ဒေသခံ တောင်သူလယ်သမားများအနေဖြင့် မိမိဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ပြီး စိုက်နည်းစနစ်လည်း မှန်ကန်ရန်လိုအပ်ကြောင်း၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာတို့ကို သတ်မှတ်အချိုးအစားအတိုင်း အပြည့်အဝ အသုံးပြုကြရေးနှင့် ရေတော်မီးတော်ဖြစ်ရေးတို့ကို အထူးဂရုပြု စိုက်ပျိုးကြခြင်းဖြင့် အထွက်နှုန်းများ ပိုမိုကောင်းမွန်လာကာ မိမိတို့၏ လူမှုစီးပွားရေးဘဝလည်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အတူ ဒေသဝမ်းစာဖူလုံမှုမှသည် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တောင်ကြီးမြို့နယ် ရွှေညောင်ကျေးရွာအုပ်စု ကုန်းလှိုင်ကျေးရွာတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသား တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

၎င်းအပြင် မြို့နယ်တစ်ခု၌ ဧက ၁၀၀ စံပြ စိုက်ကွက် တစ်ခုနှစ်ခုဖြင့် ကျေနပ်ရောင့်ရဲမနေဘဲ တစ်မြို့နယ်လုံးရှိ စိုက်ဧကအားလုံးကို အချိန်တိုအတွင်း စံပြစိုက်ကွက်ဖြစ်သွားအောင် ကြိုးပမ်းစည်းရုံးဆောင်ရွက်စေလိုကြောင်း။

သီးထပ်သီးညှပ်အဖြစ် ဝင်ငွေကောင်းသော ကြက်သွန်ဖြူ သီးနှံများ စိုက်ပျိုးကြသကဲ့သို့ ဒေသနှင့်ကိုက်ညီသော အခြားသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်လိုအပ်ကြောင်း မှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးစပါးဧက ၁၀၀ စံပြကွက်အတွင်း တောင်သူဦးလောလီ၏ ရွှေရင်အေးမိုးစပါး ၉ ဒသမ ၄၁ ဧက စိုက်ခင်းအတွင်း ယူရီးယားတစ်အိတ်၊ တီစူပါတစ်အိတ်၊ ဖော့စဖိုတက်တစ်အိတ်၊ ကျောက်မှုန့်ငါးထုပ်နှင့် ဘိုင်အိုကွန်ပိုဇာ နှစ်အိတ်တို့ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းလာပြီး ရိတ်သိမ်းရန် အသင့်ဖြစ်နေပြီးဖြစ်သည့် ရင့်မှည့်နေသော ရွှေရင်အေးမိုးစပါးခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

(20-10)Internet 3 1/1/32, 11:46 AM

အီရတ်နိုင်ငံ ဘာဆရာမြို့တွင် လုံခြုံရေး ဆောင်ရွက်နေသော ဗြိတိသျှ စစ်ယာဉ်တစ်စီးကို အောက်တိုဘာ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘုရှ်နှင့်ဘလဲ နိုင်ငံတကာအကြမ်းဖက်သမားများဖြစ် ဇင်ဘာဘွေသမ္မတက ဟစ်တလာနှင့် ခိုင်းနှိုင်းဝေဖန်

ရောမ အောက်တိုဘာ ၁၈

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့သည် ကမ္ဘာကြီးအား စိုးမိုးမည်ဟု မရအရ ဆုံးဖြတ်ထားခဲ့သည့် ဟစ်တလာကဲ့သို့သော နိုင်ငံတကာ အကြမ်းဖက်သမားများဖြစ်ကြကြောင်းဖြင့် ဇင်ဘာဘွေသမ္မတ မူဂါဘီက တနင်္လာနေ့က ဝေဖန်ပြောကြားလိုက်သည်။

ဘုရှ်နှင့် ဘလဲတို့သည် အီရတ်နိုင်ငံအား ဥပဒေမဲ့ ကျူးကျော်ဝင်ရောက်နေပြီး အခြားဒေသများရှိ အစိုးရက လူများကို ဖြုတ်ချရန် ကြိုးပမ်းနေကြောင်းစသည်ဖြင့် မူဂါဘီက ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) အကြိမ်(၆၀)မြောက် နှစ်ပတ်လည် အခမ်းအနားတွင် ပြောကြားသည်။

မသူတော်

၎င်းတို့နှစ်ဦးသည် ဟစ်တလာနှင့် မူဆိုလီနီတို့ မသူတော်နှစ်ဦး မဟာမိတ်ဖွဲ့သကဲ့သို့ မိတ်ဖွဲ့ပြီး အပြစ်မရှိသည့် နိုင်ငံတစ်နိုင်ငံအား ပူးပေါင်းတိုက်ခိုက်ခဲ့ကြသည်ဟု ၎င်းကပြောကြားသည်။

မဆုံးဖြတ်နိုင်

မည်သူက ဇင်ဘာဘွေအား အုပ်စိုးသင့်ကြောင်း၊ မည်သူက အာဖရိကအား အုပ်စိုး၊ မည့်သူက အီရတ်၊ အာရှ၊ အီရန်နှင့် ဗင်နီဇွဲလားနိုင်ငံများအား အုပ်စိုးသင့်သည်ဟု ၎င်းတို့ နှစ်ဦးက ဆုံးဖြတ်ချက်မပေးနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ဖြုတ်ချရန်ပူးပေါင်း

လူဖြူပိုင် စီးပွားရေးဆိုင်ရာ လယ်ယာခြံမြေများအား လူမည်းများအား ဝေငှပေးမှုနှင့် ပတ်သက်၍ ဗြိတိန်နှင့် အမေရိကန်အစိုးရတို့က မိမိအား ရာထူးမှ ဖြုတ်ချရန် ပူးပေါင်းလုပ်ကိုင်နေကြောင်း မူဂါဘီက စွပ်စွဲပြောကြားသည်။

အကြမ်းဖက်

ထိုနှစ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံကြီးများဖြစ်ပြီး နိုင်ငံတကာ အကြမ်းဖက်သမားများ ဖြစ်ကြသည့် ၎င်းတို့ နှစ်ဦးက နိုင်ငံ၏ အင်အားကို အသုံးပြုပြီး မိမိတို့အား ခြိမ်းခြောက်နေသည်ဟု ၎င်းက ဝေဖန်ပြောကြားသွားသည်။

အမ်အင်အေ၊ရိုက်တာ။

ဇင်ဘာဘွေနိုင်ငံတွင် ရိက္ခာအကျပ်အတည်းဖြစ် စိုက်ခင်းများတွင် လုယက်မှုပေါ်ပေါက်

ဟာရာရေး အောက်တိုဘာ ၁၈

ဇင်ဘာဘွေနိုင်ငံတွင် စားနပ်ရိက္ခာ ရှားပါးပြီး စီးပွားရေးဆိုးရွားလာသည့် အခြေအနေများ ဖြစ်ပေါ်နေသည့်အတွက် ဂိုဏ်းဖွဲ့ကာ လုယက်မှုများ ဖြစ်ပွားလာသည်ကို တွေ့ကြရကြောင်း သတင်းများကဆိုသည်။

လှံများ၊ တင်းပုတ်များ၊ သံတုတ်များ၊ ဓားများနှင့် ပုဆိန်များကိုင်ထားသော လုယက်သူများသည် ဟာရာရေးမြို့တော်အနီးရှိ စိုက်ပျိုးရေး လုပ်ငန်းနှစ်ခုတွင် ဝင်ရောက်ဓားပြတိုက်သွားကြကြောင်း သိရသည်။

ညအခါလုယက်

လူဦးရေ ၆၀ မှ ၈၀ အထိရှိသော လုယက်သူများသည် ညအခါ၌ လူစုများခွဲကာ စိုက်ခင်းအစောင့်များကို တိုက်ခိုက်ကြပြီး စိုက်ခင်းတွင်းရှိ အာလူးများကို ဝင်ရောက်တူးဖော် ယူသွားကြခြင်းဖြစ်သည်ဟု အောက်တိုဘာ ၁၇ ရက်ထုတ် ဟာဒယ်လ်သတင်းစာတွင် ဖော်ပြခဲ့သည်။

နောက်ဆုံးဖြစ်ပွားခဲ့သော ရိက္ခာလုမှုမှာ အောက်တိုဘာ ၁၅ ရက်က ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် စိုက်ခင်းအစောင့်များ ဒဏ်ရာရရှိခဲ့ကြပြီး အစောင့်ခွေးငါးကောင်လည်း သေသွားခဲ့ရသည်ဟု ၎င်းသတင်းစာက ရေးသားခဲ့သည်။

အဆိုပါ အဖြစ်အပျက်နှင့် ပတ်သက်၍ ဇင်ဘာဘွေရဲတပ်ဖွဲ့က တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်းမရှိပေ။ ဟာဒယ်လ်သတင်းစာကမူ အာလူးခင်းများတွင် အရပ်ဝတ်နှင့် ရဲများကို ချထားသည်ဟု ဖော်ပြခဲ့သည်။ ရိက္ခာလုယက်မှုတစ်ခုတွင် အာလူးအိတ် ၁၀၀၀ အလုခံခဲ့ရပြီး အခြားစုစုပေါင်း တန်ဖိုး အမေရိကန် ဒေါ်လာ ၃၈၀၀ မျှ အထိ ဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

ကာရစ်ဘီယံ ပင်လယ်တွင် ဝီလ်မာမုန်တိုင်း ဖြစ်ပေါ်

လန်ဒန် အောက်တိုဘာ ၁၈

ဝီလ်မာအပူပိုင်းမုန်တိုင်းသည် ကာရစ်ဘီယံပင်လယ်တွင် တနင်္လာနေ့က ဖြစ်ပေါ်ခဲ့ရာ မက္ကဆီကိုပင်လယ်ကွေ့အတွင်းသို့ ယခုရက်သတ္တပတ်ကုန်ထက် နောက်မကျဘဲ ရွေ့လျားဖွယ်ရှိကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းဌာန (အင်အိပ်ချ်စီ)က ကြေညာသည်။

အဆိုပါ မုန်တိုင်းသည် အမေရိကန် ပင်လယ်ကွေ့ ရေနံအခြေခံ အဆောက်အအုံများကို ဖျက်ဆီးပစ်နိုင်သည်ဟု စိုးရိမ်မကင်းဖြစ်လျက် ရေနံဈေးမှာ တစ် ဒေါ်လာကျော်ကျော် မြင့်တက်သွားခဲ့သည်။

ဝီလ်မာမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံရှိ ယူကာတန်ကျွန်းဆွယ်သို့ ကြာသပတေးနေ့တွင် ရွေ့လျားဖွယ်ရှိပြီး သောကြာနေ့တွင် ပင်လယ်ကွေ့သို့ ရောက်ရှိဖွယ်ရှိကြောင်း၊ နောက်နှစ်ရက်အဖို့ မုန်တိုင်းရွေ့လျားမှုမှာ အပြောင်းအလဲများ ဖြစ်ပေါ်နိုင်ကြောင်း အင်အိပ်ချ်စီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီနိုင်ငံ အနောက်ပိုင်းတွင် ငလျင်နှစ်ကြိမ်လှုပ်

အန်ကာရာ အောက်တိုဘာ ၁၈

တူရကီအနောက်ပိုင်း အေဂျီယန်ပင်လယ်အနီးဒေသတွင် အောက်တိုဘာ ၁၇ ရက်က ပြင်းအား ၅ ဒသမ ၇ နှင့် ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်နှစ်ခုလှုပ်သွားကြောင်း အင်နာတိုလီယာသတင်းဌာနက ဖော်ပြခဲ့သည်။

ငလျင်လှုပ်သွားသောဒေသမှာ နိုင်ငံအနောက်ဘက်ရှိ တူရကီ၏ တတိယအကြီးဆုံး အဇ်မီရာမြို့နှင့် အနီးဝန်းကျင်ဒေသများဖြစ်သည်။ လောလောဆယ်တွင် အထိအခိုက်အပျက်အစီးများကို သတင်းတစ်စုံတစ်ရာရရှိခြင်းမရှိသေးကြောင်း သိရသည်။

တူရကီနိုင်ငံသည် ငလျင်ကြောအများအပြားရှိသော မြေပေါ်တွင်တည်ရှိနေသည်ဖြစ်၍ နေ့စဉ်လိုလို ငလျင်အငယ်စားများနှင့် အပျော့စားများကို တွေ့ကြုံခံစားနေရသည်ဟု ဆိုသည်။

ထပ်မံရရှိလာသော သတင်းများအရ ပထမငလျင်လှုပ်အပြီး ဒုတိယငလျင်လှုပ်ချိန်တွင် နီလာမြို့ရှိ အိမ်နှစ်အိမ်မှ ခေါင်မိုးများပြိုကျခဲ့ပြီး အဆောက်အအုံဟောင်းတစ်ခု၏ နံရံများအက်သွားကြောင်း သတင်းများကဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်နိုင်ငံ အာဘတ်မြို့၌ ဗုံးနှစ်လုံးပေါက်ကွဲ လေးဦးသေဆုံး၊ ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိ

တီဟီရန် အောက်တိုဘာ ၁၆

အီရန်နိုင်ငံ အာဘတ်မြို့ အနောက်တောင်ဘက်တွင် မိနစ်အနည်းငယ်စီခြား၍ ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ လူလေးဦးသေဆုံးခဲ့ပြီး လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ ရေနံလုပ်ငန်း အချက်အချာနေရာဖြစ်သော ကူဇီစတန်ပြည်နယ်၌ ယခုနှစ်တွင် တိုက်ခိုက်မှုများနှင့် ဗုံးပေါက်ကွဲခြင်းများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ယခုပေါက်ကွဲမှုသည် နောက်ဆုံးပေါက်ကွဲမှုဖြစ်သည်။ ထိုဗုံးခွဲမှု ဖြစ်ပွားရခြင်းသည် မည်သူ့လက်ချက်ဖြစ်သည်ကို သေချာစွာမသိရှိရသေးဟု ဆိုသည်။

ငါးမိနစ်ခြား

အာဘတ်မြို့အလယ်ပိုင်း ဈေးရုံတစ်ရုံ၌ အောက်တိုဘာ ၁၅ ရက် ညနေပိုင်းတွင် ဗုံးနှစ်လုံးသည် ငါးမိနစ်စီခြား၍ ပေါက်ကွဲခဲ့သည်ဟု တာဝန်ရှိသူ တစ်ဦးက ဆိုသည်။

မီတာ ၅၀ အကွာတွင်ရှိသော အမှိုက်ပုံး နှစ်ခုထဲသို့ ဗုံးကိုထည့်ထားခြင်းဖြစ်ကြောင်း၊ ထိုဗုံးပေါက်ကွဲမှုကြောင့် လူလေးဦးသေဆုံးပြီး ၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အာဘတ်မြို့၏ ဒုတိယအုပ်ချုပ်ရေးမှူး ရာဟမ်ဖာဇီလတ်ပူရာက အိုင်အာရ်အင်န်အေသတင်းဌာနသို့ ပြောကြားခဲ့သည်။

ငြင်းဆို

ထိုဗုံးဖောက်ခွဲမှုသည် အကြမ်းဖက်တိုက်ခိုက်မှုပင်ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ အချို့မှာ စိုးရိမ်ရသော အခြေအနေရှိကြောင်း အာဘတ်မြို့ အုပ်ချုပ်ရေးမှူး မိုဟမ်မက်ဒ်ဂျာဖာဆာရာမီက ရုပ်သံဌာနသို့ ပြောဆိုခဲ့သည်။

ကူဇီစတန်ပြည်နယ်သည် အီရန်နိုင်ငံ နယ်စပ်ပြည်နယ်တစ်ခုဖြစ်ပြီး ထိုဒေသတွင် အီရန်နိုင်ငံ၏ အာရာဘတစ်ခ်စကားပြောတတ်သူ လူမျိုးအများဆုံး နေထိုင်ကြသည်။

ထိုဗုံးပေါက်မှုသည် ပြည်ပအခြေပြု ခွဲထွက်ရေး အဖွဲ့အစည်းများ လက်ချက်ဖြစ်ပြီး ထိုအဖွဲ့များကို ဗြိတိန်နိုင်ငံက သင်တန်းပေးခဲ့ကြောင်း တာဝန်ရှိသူက ပြစ်တင်ပြောကြားခဲ့သည်။ ထိုစွပ်စွဲချက်ကို လန်ဒန်က ငြင်းဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော ကန်တပ်ဖွဲ့ဝင်တစ်ဦးကို အောက်တိုဘာ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် အနောက်ပိုင်းတွင် တိုက်ခိုက်မှု ဖြစ်ပွား အမေရိကန် မရိန်းတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၈

အီရတ်နိုင်ငံ အနောက်ပိုင်း ဂျော်ဒန်ကမ်းစပ်ဒေသအနီးတွင် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

— ပစ်ခတ်မှုဖြစ်ပွား —

အီရတ်နိုင်ငံ ဘဂ္ဂဒက်အနောက်ဘက် မိုင် ၂၃၀ အကွာ ရပ်ဘာမြို့အနီးတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်ရေးသမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ ခုခံတိုက်ခိုက်ရေးသမားလေးဦးသေဆုံးပြီး ၎င်းတို့နှင့်အတူ လက်နက်အနည်းငယ်ကို သိမ်းဆည်းရမိကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

— ဖော်ပြ —

သေဆုံးသွားသော မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးမှာ အမှတ်(၂)မရိန်းတပ်မအောက်ရှိ တိုက်ခိုက်ရေးအဖွဲ့(၂)မှ ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ အဆိုပါ မရိန်းတပ်ဖွဲ့ဝင်များ သေဆုံးကြောင်း ၎င်းတို့၏ ဆွေမျိုးသားချင်းများထံ အကြောင်းကြားနေဆဲဖြစ်သဖြင့် သေဆုံးသူတပ်ဖွဲ့ဝင်များ၏ အမည်များကို ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။။ ***အင်တာနက်။***

အကြမ်းဖက်သမားဟုယူဆရသူ ဟမ်ဘာလီနှင့်စပ်လျဉ်းသည့်သတင်းများ အသိမပေးဟု အမေရိကန်အစိုးရကို ဝေဖန်

ပူထရာဂျာယာ(မလေးရှား) အောက်တိုဘာ ၁၈

အမေရိကန်ပြည်ထောင်စုက အကြမ်းဖက်သမားဟု သင်္ကာမကင်းဖြစ်ရသူ အင်ဒိုနီးရှားနိုင်ငံသား ဟမ်ဘာလီနှင့် စပ်လျဉ်းသည့် သတင်းကိုအသိပေးမှုမရှိကြောင်း၊ ယင်းကြောင့် အကြမ်းဖက်သမားများအား တိုက်ဖျက်ရာတွင် အဟန့်အတား ဖြစ်နေကြောင်း အာရှဒေသရှိ အစိုးရများက ပြောကြားခဲ့ကြသည်။ ယင်းကိစ္စအပေါ် အမေရိကန်အစိုးရက ဟမ်ဘာလီအား အသေးစိတ် စစ်ဆေးမေးမြန်းခဲ့ပုံကို အသိမပေးခဲ့ကြောင်းဖြစ် တနင်္လာနေ့က အခိုင်အမာ ပြောကြားသည်။

ဟမ်ဘာလီသည် အင်ဒိုနီးရှားနိုင်ငံဖွား တရားဟောဆရာတစ်ဦး ဖြစ်ပြီး အရှေ့တောင်အာရှရှိ အိုစမာဘင်လာဒင်၏ အကြမ်းဖက်ကွန်ရက်နှင့် အဆက်အသွယ်ရှိသူဟု အများက ယုံကြည်ထားရသူဖြစ်သည်။ ၎င်းသည် ၂၀၀၃ခုနှစ်တွင် ထိုင်းနိုင်ငံအတွင်း၌ ဖမ်းမိခံရပြီး အမေရိကန်အကျဉ်းစခန်းတွင် ထိန်းသိမ်းထားခဲ့သည်။

ကြိုးပမ်း

ဘာလီကျွန်းတွင် ၂၀၀၂ ခုနှစ်က ဗုံးဖောက်ခွဲမှုနှင့် ပတ်သက်၍ မေးမြန်းရန်အတွက် အင်ဒိုနီးရှားအစိုးရက ၎င်းနှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းနိုင်ခွင့် ရရှိရန်အတွက် ကြိုးပမ်းနေသည်မှာ ကြာပြီဖြစ်သည်။ အင်ဒိုနီးရှားရဲက ဟမ်ဘာလီသည် ယင်းဗုံးဖောက်ခွဲမှုတွင် ကြိုးကိုင်ခြယ်လှယ်ခဲ့သူဟု ယုံကြည်နေသည်။

မိမိသိသလောက်ပြောရပါကအကြမ်းဖက်တုံ့ပြန်တိုက်ခိုက်မှု သတင်းများနှင့် ပတ်သက်၍ သတင်းများ ခွဲဝေပေးနေကြောင်း၊ အကြမ်းဖက် တန်ပြန် တိုက်ဖျက်ရာတွင် သတင်းအချက်အလက် ရရှိရန်လိုအပ်ကြောင်း၊ ယင်းသို့မဟုတ်ပါက တန်ပြန်အကျိုးသက်ရောက်မှု ဖြစ်စေနိုင်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနမှ အကြမ်းဖက်တန်ပြန် တိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ဟင်နရီကရင့်တွမ်က ပြောကြားသည်။

မေးမြန်း

ဟမ်ဘာလီနှင့်ပတ်သက်၍ မေးခွန်းများကို စာဖြင့်ရေးပြီး ဟမ်ဘာလီအား မေးမြန်းရန် အင်ဒိုနီးရှား အာဏာပိုင်များက မေးမြန်းခွင့်ပြုထားသော်လည်း အင်ဒိုနီးရှားအစိုးရအား တိုက်ရိုက်ဆက်သွယ်မှု မပြုခဲ့ပေ။

အမေရိကန်အစိုးရက တိုက်ရိုက်ဆက်သွယ်မှု မပြုခဲ့၍ မိမိတို့၏ ထောက်လှမ်းရေး လုပ်ငန်းအတွက် ဟန့်တားမှုများဖြင့် ကြုံတွေ့နေရကြောင်း အရှေ့တောင်အာရှရှိလုံခြုံရေးဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယနိုင်ငံ နယ်စပ်ဒေသတွင် လုံခြုံရေး ဆောင်ရွက်နေကြသော အိန္ဒိယ တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံ ဂျာမူးနှင့်ကက်ရှမီးယားဒေသတွင် မြေငလျင်ကြောင့် သေဆုံးသူ ၁၂၀၅ ဦးရှိပြီ

ဆရင်နဂါး အောက်တိုဘာ ၁၈

အိန္ဒိယနိုင်ငံ ဂျာမူးနှင့် ကက်ရှမီးယားပြည်နယ်များတွင် အောက်တိုဘာ ၈ ရက်က ငလျင်အပြင်းအထန်လှုပ်ခဲ့မှုကြောင့် လူသေဆုံးမှုဦးရေသည် ၁၂၀၅ ဦးအထိ ရှိနေပြီး လူခြောက်ဦး၏ အလောင်းများ ရှာတွေ့ခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

တွေ့ရှိ

ကက်ရှမီးယားမြောက်ပိုင်း တန်ဟာနှင့် ယူရီစသည့် ငလျင်အပြင်းအထန်လှုပ်ခဲ့သည့်နေရာများတွင် လူခြောက်ဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကပြောကြားသည်။

ပျက်စီးဆုံးရှုံး

ကက်ရှမီးယားဒေသတွင် လူ ၁၁၈၈ ဦးနှင့် ဂျာမူးဒေသတွင် လူ ၁၇ ဦး သေဆုံးခဲ့ကြကြောင်း၊ ကက်ရှမီးယားတွင် လူ ၆၁၅၂ ဦးနှင့် ဂျာမူးတွင် လူ ၁၄၈ ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ကက်ရှမီးယားတွင် အဆောက်အအုံ ၃၆၆၉၃ ခု ပျက်စီးခဲ့ပြီး ဂျာမူးတွင် အဆောက်အအုံ ၅၂၆ ခုပျက်စီးခဲ့ရာ စုစုပေါင်း အဆောက်အအုံ ၃၇၂၁၉ ခု ပျက်စီးဆုံးရှုံးခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏အခြားဒေသမှကယ်ဆယ်ရေးပစ္စည်းများကို မြေငလျင်ဘေးဒုက္ခသည်များအား ဆက်လက် ဝေငှလျက်ရှိသည်ဟု ၎င်းကပြောကြားသည်။

အိန္ဒိယနိုင်ငံ ဒေလီမြို့မှ အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်အထိ စောင် ၁၁၈၁၂၁၈ ထည်၊ တဲ ၄၆၂၂ လုံး၊ မီးရေကာဖျင် ၁၄၆၇ ခုနှင့် အခြားပစ္စည်းများကို လေယာဉ်များဖြင့် ပို့ပေးနေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

ဗြိတိသျှလေတပ်မှ ဂျက်လေယာဉ်နှစ်စင်း ကဘူးလေဆိပ်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်ခံရ

ကဘူး အောက်တိုဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း လေယာဉ်ကွင်းတစ်ခု၌ တာလီဘန်ပြောက်ကျားများက ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် ဗြိတိသျှ ဘုရင့်လေတပ်မှ ဟာရီယာအမျိုးအစား ဂျက်လေယာဉ်နှစ်စင်း ပျက်စီးခဲ့သည်ဟု အမေရိကန်ဦးဆောင်သော ပြည်ပတပ်ဖွဲ့ဝင်များမှ ပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၁၆ ရက်က ပြောကြားခဲ့သည်။

ပစ်ခတ်

အမေရိကန်ဦးဆောင်သောလေယာဉ်အုပ်စုတစ်ခုမှဖြစ်သော ဗြိတိန်လေယာဉ်နှစ်စင်းသည် ကန်ဒါဟာ လေဆိပ်တွင် အောက်တိုဘာ ၁၄ ရက်က ဒုံးကျည်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး ထိုပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ မရှိကြောင်း ၎င်းကဆိုသည်။

ပျံသန်းနိုင်

အဆိုပါ လေယာဉ်များကို လေယာဉ်ထိန်းသိမ်းရာနေရာတွင် ထားရှိကြောင်း၊ အပျက်အစီးအနည်းငယ်သာရှိကြောင်း၊ သို့သော် အဆိုပါ လေယာဉ်များကို မကြာမီပင် ပျံသန်းနိုင်လိမ့်မည် ဖြစ်ကြောင်း အမေရိကန် တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ငြင်းဆို

အမေရိကန်မြို့များရှိ အဆောက်အအုံကို စက်တင်ဘာ ၁၁ ရက်တွင် တိုက်ခိုက်မှုကြောင့် အိုစမာဘင်လာဒင်ကို လွှဲပြောင်းပေးရန် ငြင်းဆိုခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်တွင် တာလီဘန်အစိုးရကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက ဖြုတ်ချခဲ့သည်။ ထိုအချိန်မှစ၍ ကန်ဒါဟာလေဆိပ်တွင်ထားရှိသော လေယာဉ်များဖျက်ဆီးခံရမှုသည် ပထမဆုံးအကြိမ် ဖြစ်သည်ဟု ရော့က်စ်က အတည်ပြုပြောကြားခဲ့သည်။

ယခင် ခုခံတိုက်ခိုက်ရေးသမားများ ခြေကုပ်နေရာဖြစ်သော ကန်ဒါဟာ ဒေသတွင် တာလီဘန် ပြောက်ကျားများသည် ယခုလ၌ တိုက်ခိုက်မှုများ ပြင်းထန်စွာ ပြုလုပ်လာချိန်၌ ယခုကဲ့သို့ ဒုံးကျည်ထိမှန်ခံရခြင်း ဖြစ်သည်။

နှစ်ဒါဇင်ကျော်သေဆုံး

ယခင်ရက်သတ္တပတ်များအတွင်းက အဆိုပါဒေသတောင်ပိုင်း၌ တာလီဘန်ပြောက်ကျားများ၏ လက်ချက်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံးနှစ်ဦး၊ ဒေသဆိုင်ရာ အလုပ်သမားငါးဦးနှင့် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်နှစ်ဒါဇင်ကျော် သေဆုံးခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***

အန္တာတိတ်ဒေသရှိ အီရီဘတ်စ်မီးတောင်တွင် သိပ္ပံလေ့လာမှုများ ပြုလုပ်နေသော ခြေရှစ်ချောင်းပါသည့် ဒန်တီစက်ရုပ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ကန်တပ်ဖွဲ့ဝင်သေဆုံးမှု မြင့်တက် အောက်တိုဘာ ၁၈ရက်အထိ ၁၉၈၀ရှိ

ဝါရှင်တန် အောက်တိုဘာ ၁၈

အီရတ်နိုင်ငံတွင် ၂၀၀၃ခုနှစ် မတ်လ၌ စစ်ပွဲစတင်ခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ယခုနှစ် အောက်တိုဘာ၁၈ရက်အထိ ၁၉၈၀ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စစ်တမ်းတွင် ဖော်ပြသည်။ အီရတ်တွင် သေဆုံးရသော ကန်တပ်ဖွဲ့ဝင်များအနက် ၁၅၃၃ဦးမှာ ရန်သူ၏တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ၎င်းစာရင်းတွင် ကန်စစ်ဘက်၌ အမှုထမ်းရင်းသေဆုံးခဲ့ရသော အရပ်သား ငါးဦးလည်းပါဝင်ကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

သေဆုံး

အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်က အီရတ်၌ စစ်ပွဲကြီးများပြီးဆုံးသွားပြီဖြစ်ကြောင်း ၂၀၀၃ခုနှစ်မေလတွင် ကြေညာခဲ့သည်။ ထိုကြေညာချက် ထွက်ပေါ်ပြီးနောက်ပိုင်း အီရတ်၌ ဆက်လက်သေဆုံးရသော ကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၈၄၁ဦးရှိသည်။ ယင်းအနက်အနည်းဆုံး ၁၄၃၁ဦးသည် ခုခံဆန့်ကျင်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဘက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **အင်တာနက်။**

ဂျပန်တွင် ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ် အထိအခိုက် အခြေအနေ မသိရသေး

တိုကျို အောက်တိုဘာ ၁၉

ဂျပန်နိုင်ငံတွင် ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားရာ တိုကျို၌ပင် တုန်ခါသွားသည်ကိုခံစားခဲ့ရကြောင်း အင်အိပ်ချ်ကေရုပ်သံဌာနမှ ထုတ်လွှင့်သွားသည်။

တိုကျိုငလျင်ကိုအကြောင်းပြု၍ ဆူနာမီရေလှိုင်းများ ကျရောက်နိုင်သည့် သတိပေးချက်ကို ထုတ်လွှင့်ခဲ့ခြင်းမရှိပေ။ ငလျင်လှုပ်ရှားချိန်သည် အောက်တိုဘာ ၁၉ ရက် ညပိုင်း ၈ နာရီ ၄၄ မိနစ်အချိန်တွင်ဖြစ်ပြီး ယခုငလျင်ကြောင့် သေဆုံးထိခိုက်မှုသတင်း တစ်စုံတစ်ရာမရသေးကြောင်း သိရသည်။

ငလျင်၏ ဗဟိုချက်သည် တိုကျိုမြို့၏ အရှေ့မြောက်ဘက် အီဘာရာကီဒေသအနီး ပင်လယ်ပြင်၏အောက် ၂၅ မိုင်အကွာတွင်တည်ရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ဖော်ပြောကြားသည်။ ငလျင်လှုပ်ချိန်မှာ တစ်မိနစ်နီးပါးအထိကြာခဲ့သည်။ တိုကျိုမြို့ရှိ နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေယာဉ်ပြေးလမ်းကို ပြန်လည်စစ်ဆေးရန် ပိတ်ထားခဲ့ရပြီး ငလျင်ကြောင့် ရထားခရီးစဉ်အချို့ကိုလည်း ခေတ္တရပ်ဆိုင်းခဲ့ကြောင်းသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးသည် တပ်မတော်အစိုးရ၏ မွေးသန္ဓေပါဦးတည်ချက်ဖြစ်သည်

အောင်မိုးစံ

အရာရာတွင် ဘယ်သူတွေဘာပြောပြော လက်တွေ့ကာယကံ စည်းမျဉ်း(ကာယကံအလုပ်)နဲ့ ဆုံးဖြတ်ရမယ်လို့ လူမှုသိပ္ပံပညာရှင်တို့က ဆိုပါတယ်။ ၁၉၈၈ခုနှစ်မှာ နိုင်ငံတော်တာဝန်ကို မလွဲမရှောင်သာဘဲ ထမ်းဆောင်လာခဲ့ရတဲ့ တပ်မတော်အစိုးရဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ် ချမှတ်ပြီး နိုင်ငံတော်ကို မနားမနေ ထူထောင်နေတာဖြစ်ပါတယ်။

နိုင်ငံရေးဦးတည်ချက်လေးရပ်မှာပါတဲ့ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးတို့ကို ဘယ်ခေတ်ဘယ်အခါနဲ့မျှမတူအောင် လက်တွေ့အောင်မြင်စွာ အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ အလားတူပင် စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကိုလည်း ဘယ်ခေတ် ဘယ်အခါနဲ့မျှ မတူအောင် အောင်မြင်စွာ အကောင်အထည်ဖော်နေတယ်ဆိုတာကို မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။

ဒီကနေ့ ပြည်တွင်း၊ ပြည်ပမှ ဆန့်ကျင်ဘက်အုပ်စုအချို့က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တပ်မတော်အစိုးရက လက်မခံသယောင်ပြောဆိုထိုးနှက်နေပါတယ်။ အမှန်က အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးဟာ တပ်မတော်အစိုးရရဲ့ မွေးသန္ဓေပါ ဦးတည်ချက်ဖြစ်ပါတယ်။ ဒီဦးတည်ချက်ကို ဘယ်လိုအစဉ်တစ်စိုက် အကောင်အထည်ဖော်လာတယ်ဆိုတာကို အခုလိုအထင်အရှားတွေ့မြင်နိုင်ပါတယ်–

၁။ အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့တို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခြင်း၊ အချို့အဖွဲ့များ အကြွင်းမဲ့ လက်နက်စွန့်ပြီး ပူးပေါင်းဆောင်ရွက်နေခြင်း၊ ဒါ့ကြောင့် ဒီကနေ့ နယ်စွန်နယ်ဖျားပါမကျန် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာခြင်း။

၂။ နိုင်ငံရေးပါတီအဖွဲ့အစည်းများ တရားဝင် ထူထောင်ခွင့်ပြုပြီး ယင်းနိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် လက်တွဲပြီး နိုင်ငံထူထောင်သွားရန် ကြိုးပမ်းခြင်း။

၃။ နိုင်ငံတော်တွင် လိုအပ်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေးအတွက် တပ်မတော်၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် ပြည်သူများစုပေါင်းလုံ့လပြု ကြိုးပမ်းသွားရန်အတွက် ၁၉၉၀ပြည့်နှစ်တွင် ပါတီစုံရွေးကောက်ပွဲ ကျင်းပပေးခြင်း။

၄။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ပါတီအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော တိုင်းရင်းသားပါတီအဖွဲ့အစည်းများနှင့် တပ်မတော်အစိုးရ ကိုယ်စားလှယ်များ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေး၊ ဒီမိုကရေစီ နိုင်ငံတော် ထူထောင်ရေးအတွက် အမျိုးသားညီလာခံကြီးကို ကျယ်ပြန့်စွာ ကျင်းပသွားရန် ညှိနှိုင်းသဘောတူညီခဲ့ခြင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်အားပေးခြင်း။

၅။ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ၊ အတတ်ပညာရှင်၊ အသိပညာရှင်ပေါင်းစုံ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရွေးချယ်ခံ ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များပါဝင်သော အမျိုးသားညီလာခံကြီးကို တစ်မျိုးသားလုံးကိုယ်စား ၁၉၉၃ခုနှစ်၌ စတင်ကျင်းပခဲ့ပြီး အခြေခံမူ(၁၀၄)ချက် ချမှတ်ခဲ့ခြင်း။

၆။ ၂၀၀၃ ခုနှစ် သတင်းစာများတွင် ဖော်ပြသော မောင်ရင်မှိုင်း ဆောင်းပါးများမှာပါရှိတဲ့–

(က) နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်စုကြည်တို့နှစ်ဦး ယုံကြည်သော လက်ကမ်းကြိုဆိုမှုများဖြင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဓာတ်ပုံမှတ်တမ်း

(ခ) ရင်းနှီးပွင့်လင်း လက်ရည်တစ်ပြင်တည်းစိတ်ဓာတ်ဖြင့် အမြင်ချင်း ဖလှယ်မှုများမှသည် အနာဂတ်နိုင်ငံတော်သစ်ကြီးအတွက် သွေးစည်းညီညွတ်သော အမျိုးသားနိုင်ငံရေး လမ်းကြောင်းဆီသို့ ဦးတည်နိုင်ပေ၏ ဓာတ်ပုံမှတ်တမ်း

(ဂ) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် NLD ခေါင်းဆောင်ပိုင်းများ၏ မိသားစုအသွင်နှင့် အမှတ်တရ ညစာစားပွဲ မြင်ကွင်းဓာတ်ပုံမှတ်တမ်း

(ဃ) ဒေါ်စုကြည် ဦးဆောင်သော NLD ပါတီ၊ စီအီးစီအဖွဲ့ဝင် များနှင့် နိုင်ငံတော်အစိုးရဘက်မှ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦး ခေါင်းဆောင်သောအဖွဲ့တို့ အကြိမ်ကြိမ် အခါခါ တွေ့ဆုံမှုသည် ယုံကြည်မှု တည်ဆောက်ရေးအဆင့်ကို ကျော်လွန်၍ ပွင့်လင်းစွာ ဖော်ထုတ်ခွင့်ရရှိသော ကန့်သတ် ချက်မရှိသည့် ဆွေးနွေးပွဲများလည်းဖြစ်၏။ စသည့်ဓာတ်ပုံမှတ်တမ်းများသည် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းမှုများဖြစ်ခြင်း။

၇။ နိုင်ငံထူထောင်ရေးလုပ်ငန်းများတွင် လက်တွဲဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက NLD ပါတီနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးနောက် ၂၀၀၂ ခုနှစ် မေလ ၆ ရက်နေ့ ဒေါ်စုကြည် တားဆီးမိန့်မှ လွတ်မြောက်လာချိန်တွင် တပ်မတော်အစိုးရနှင့် NLD ပါတီတို့ အပြန်အလှန် ယုံကြည်မှု တိုးတက်လာခဲ့ပြီး ဒေါ်စုကြည် လွတ်လပ်စွာသွားလာ စည်းရုံးခွင့် ရရှိလာခြင်း၊ ဒေါ်စုကြည် ခရီးစဉ်အတွက် တပ်မတော်အစိုးရ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်လာနိုင်ခြင်း၊ ဒါ့အပြင် ဒေါ်စုကြည် ခရီးစဉ်အစပိုင်းများတွင် အောင်လံမြို့အနီးမှာရှိတဲ့ ဒူရင်ဗိုလ်မြစ်ရေတင်စီမံကိန်း၊ တောင်တွင်းကြီးအနီးမှာရှိတဲ့ ရန်ပယ်ချောင်းစီမံကိန်း၊ ဧရာဝတီမြစ်ကူးတံတား(မကွေး)စီမံကိန်း၊ ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ကူးတံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၊ ဝင်းဖန်ဆည်တည်ဆောက်ရေးစီမံကိန်း၊ မင်းလှမြို့အနီးရှိ သရက်တစ်ပင်စိုက်ပျိုးရေးစီမံကိန်း၊ ပေါက်ခေါင်းမြို့အနီးရှိ တောင်နဝင်းဆည်စီမံကိန်း၊ ပန်းတောင်းမြို့အနီးရှိ ညောင်ကိုင်ဆည်စီမံကိန်း၊ ပြည်မြို့အနီးရှိ နတ်မှော်မြစ်ရေတင်စီမံကိန်းများကို ကြည့်ရှုဖို့ဖိတ်ခေါ်ပြီး ဒေါ်စုကြည်ကို အရေးကြီးပုဂ္ဂိုလ်တစ်ယောက်သဖွယ် ဧည့်ခံပြုစုရှင်းပြခဲ့ခြင်း၊ ဒါပေမယ့် ပြည်ပသွေးထိုးမှုနဲ့ ပြည်ပဩဇာဝင်လာတဲ့အတွက် ၃၀–၅–၂၀၀၃ ရက်နေ့ ဒီပဲယင်း ခရီးစဉ်မှာ ပဋိပက္ခဖြစ်လာပြီး ယုံကြည်မှု တည်ဆောက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတွေ ထိခိုက်ပျက်ပြားစေခဲ့ရခြင်း။

၈။ ၂၀၀၃ ခုနှစ်တွင် တပ်မတော်အစိုးရက တစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်း သင့်မြတ်စည်းလုံးစွာ ဒီမိုကရေစီနိုင်ငံတော် ထူထောင်သွားနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာခဲ့ခြင်း၊ ယင်းမူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့ရသော အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပရာတွင် ယခင်အမျိုးသားညီလာခံကြီးသို့ တက်ရောက်ခဲ့ကြသော နိုင်ငံရေးပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရွေးချယ်ခံ ကိုယ်စားလှယ်များ အပါအဝင် ကိုယ်စားလှယ်အားလုံးကို ပြန်လည်ဖိတ်ကြားခဲ့ရုံမက ပိုမိုကျယ်ပြန့်စွာ လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များကိုပါ တိုးမြှင့်ဖိတ်ကြားခဲ့ခြင်း၊ လက်ကျန်တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ကမ်းလှမ်းဆွေးနွေးခဲ့ခြင်း၊

၉။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအဆင့်ဖြစ်တဲ့ တစ်မျိုးသားလုံးကိုယ်စား တိုင်းရင်းသားလူမျိုးများရဲ့ ကိုယ်စားလှယ်များ၊ လူထုလူတန်းစား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အရွေးချယ်ခံ ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သော ပုဂ္ဂိုလ်များစတဲ့ အလွှာရပ်လွှာမှ ကိုယ်စားလှယ်များပါဝင်တဲ့ အမျိုးသားညီလာခံကြီးကို စည်းလုံးညီညွတ်စွာ ဆက်လက်ကျင်းပခြင်းတို့ ဖြစ်ပါတယ်။

ဒါတွေကို လေ့လာကြည့်မယ်ဆိုရင် တပ်မတော်အစိုးရဟာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲထူထောင်သွားရေးအတွက် ဘယ်အထိကြိုးပမ်းဆောင်ရွက်လာခဲ့တယ်၊ ဆက်လက်ပြီး ဘယ်အထိ ကြိုးပမ်းနေတယ်ဆိုတာကို လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာ တွေ့နိုင်မြင်နိုင်ပါတယ်။

တပ်မတော်အစိုးရဘက်က အပြန်အလှန် အသိအမှတ်ပြုပြီး ကြိုးပမ်းဆောင်ရွက်လာခဲ့သော်လည်း တစ်ဖက် အင်အားစုအချို့က အဲဒီလို အပြန်အလှန် အသိအမှတ်ပြု ဆောင်ရွက်နိုင်မှုမရှိတဲ့အတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနဲ့ အလှမ်းဝေးလာခဲ့ရတာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အချို့ပါတီအဖွဲ့အစည်းတွေ၊ အချို့အင်အားစုတွေဟာ တပ်မတော်အစိုးရအပေါ် တစ်ဖက်သတ် အကြွင်းမဲ့ အဆိုးမြင်ပြီး မိမိတို့ကိုယ်ကို တစ်ဖက်သတ် အကြွင်းမဲ့ အကောင်းမြင်ဝါဒကျင့်သုံးမှုနဲ့ ပြည်ပအားကိုး အဆိုးမြင်ဝါဒကျင့်သုံးမှုတွေကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ပနိုင်ငံကြီးအချို့က အလိုတူ၊ အလိုပါ တစ်ဖက်သတ်သွေးထိုးပေးနေမှုများကြောင့်လည်း ဖြစ်ပါတယ်။

ဒါနဲ့ ပတ်သက်လို့ ၂၀၀၃ ခုနှစ် ဇွန်လ ၂၅ ရက်ထုတ် နေးရှင်းသတင်းစာပါ ဆောင်းပါးရှင် David Oldfield က ၎င်းရဲ့ A New Approach Towards Burma Just Might Work ဆောင်းပါးတွင် အခုလို သုံးသပ်ထားပါတယ်–

> အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ချဉ်းကပ်မှုတစ်ရပ်အနေဖြင့် ဘာကြောင့် နိုင်ငံရေးပကတိ ဖြစ်ရပ်အပေါ် အခြေခံရန် လိုအပ်ပါသလဲ၊ လက်ရှိချဉ်းကပ်မှုများကိုကြည့်လျှင် တွေ့ဆုံဆွေးနွေးရေးအတွက် အနောက်ဥရောပနိုင်ငံများနှင့် အခြားသူများက လှုံ့ဆော်ရာ၌ NLD ကို အနောက်တိုင်းပုံစံ ဒီမိုကရေစီပေမီဒေါက်မီအဖွဲ့အဖြစ် သဘောထားကာ တွေ့ဆုံဆွေးနွေးရေးနှင့် အဆုံးစွန် နိုင်ငံရေး ရင်ကြားစေ့ရေးအတွက် ကြိုတင်စည်းကမ်း သတ်မှတ်ရာမှာ NLD ကို အခွင့်အရေးပေးပြီး နိုင်ငံတော်၌ အာဏာရှိသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုတော့ ထိုထိုသော သတ်မှတ်ချက်တွေကို လိုက်နာစေလိုသည့် ကိန်းဆိုက်နေတာကို တွေ့ရတယ်။ ထိုသို့သော ချဉ်းကပ်မှုမျိုးက အစိုးရအနေဖြင့် NLD ကို အကြောင်းမဲ့ အလျှော့ပေးရမည်ဟု အကြံပြုတိုက်တွန်းခြင်းဖြစ်တယ်။ သို့သော် ယင်းမှာ နိုင်ငံရေးပကတိအခြေအနေကို မလေးမစားပြုခြင်းဖြစ်တယ်။
>
> ဒါကြောင့် အမှန်တကယ် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး(ရင်ကြားစေ့ရေး)ကို လိုလားတယ်ဆိုရင် တစ်ဖက်တွင် တည်ဆဲအစိုးရဟာ အမျိုးသားရေး အင်အားစုကြီးတစ်ရပ်ဖြစ်တဲ့အတွက် အကျပ်အတည်း တွေ့နေရင်တောင် ကူညီရိုင်းပင်းတဲ့ မိတ်ဆွေကောင်းသဖွယ် ဆက်ဆံရေး (A Friend in need)ထူထောင်ဆောင်ရွက်သွားမယ်ဆိုရင် ဒါဟာအပြန်အလှန် ယုံကြည်မှုအုတ်မြစ်ကို ချခင်းတည်ဆောက်တာပဲ ဖြစ်တယ်။ အဲဒီလို လက်တွေ့ကျတဲ့ အစဉ်အလာကောင်းတွေကို မကြိုးပမ်းဘဲ တစ်ဖက်သတ် လိုသလိုတောင်းဆိုနေမှုတွေဟာ ဘယ်လိုမှ ခရီးရောက်နိုင်မယ် မဟုတ်ပါလို့ သုံးသပ်ထားပါတယ်။

(ဆောင်းပါးရှင်ဟာ ပါရဂူဘွဲ့ရသူတစ်ဦးဖြစ်ပြီး Brooker Policy Research Co.,Ltd ရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။)

ထို့အတူ **“အသိဉာဏ်ထက်မြက်ခြင်းဆိုတာ အမှားမလုပ်မိစေတဲ့ စွမ်းရည်မဟုတ်ဘဲ မိမိပြုလုပ်မိတဲ့ အမှားကို အမြန်ဆုံးဘယ်လိုပြုပြင်ရမယ်ဆိုတာ သိမြင်တဲ့စွမ်းရည်သာ ဖြစ်တယ်”**လို့ နိုင်ငံရေးသုတေသီတို့က ဆိုပါတယ်။

“သဘောတရားအရ သိနားလည်ရာသို့သွားရာ အကောင်းဆုံးသောလမ်းဟာ မိမိတို့အမှားမှ အစဉ်သင်အံ့ယူသောလမ်း၊ ခါးသီးသော အတွေ့အကြုံကို ဖြတ်သန်းရသော လမ်းသာဖြစ်တယ်”လို့ လူမှုသိပ္ပံပညာရှင်တို့ကလည်း ဆိုပါတယ်။

ဒါကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဟာ ပြည်တွင်းအင်အားစုချင်း ညီညွတ်မှု တည်ဆောက်ရေးဖြစ်တဲ့အတွက် အမျိုးသားအင်အားစုချင်း ပြဿနာတွေကို အမျိုးသားရေး အကျိုးစီးပွားဘောင်အတွင်းမှာ မှန်ကန်စွာ ဖြေရှင်းလွန်မြောက်နိုင်ရမှာ ဖြစ်ပါတယ်။ အဲဒီလို အမျိုးသားရေး အကျိုးစီးပွားကို အခြေခံတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဟာ တပ်မတော်အစိုးရရဲ့ မွေးသန္ဓေပါ ဦးတည်ချက်ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဒီကနေ့ ပြည်တွင်း၊ ပြည်ပမှ ဆန့်ကျင်ဘက်အုပ်စုအချို့က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တပ်မတော်အစိုးရက လက်မခံသယောင် ပြောဆိုထိုးနှက်နေပါတယ်။ အမှန်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဟာ တပ်မတော်အစိုးရရဲ့ မွေးသန္ဓေပါ ဦးတည်ချက်ဖြစ်ပါတယ်။



ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲ နောက်ဆုံးနေ့ မကွေးတိုင်းမှ တိုင်းချစ်တင်ငွေဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပဉ္စမနေ့နှင့်နောက်ဆုံးနေ့အဖြစ် မကွေးတိုင်းမှ တိုင်းချစ်တင်ငွေ ဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်မှုကို ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၉

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝိဓူရဇာတ်တော်ကြီး ပြိုင်ပွဲကို ယနေ့ ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပဉ္စမနေ့နှင့် နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပရာ မကွေးတိုင်းမှ တိုင်းချစ်တင်ငွေဇာတ်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ယှဉ်ပြိုင်တင်ဆက်ပွဲသို့ တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ စာပေ၊ သဘင်၊ ဂီတပညာရှင်ကြီးများ၊အနုသုခုမပညာကိုချစ်ခင်လေးစားမြတ်နိုးသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဇာတ်သဘင်အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးချစ်ဦးညိုနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်ပွဲတွင် တိုင်းချစ်တင်ငွေက **ဝိဓူရအမတ်** အဖြစ်လည်းကောင်း၊ ဦးမြင့်ဇော်က **ပုဏ္ဏက နတ်ဘီလူး**အဖြစ်လည်းကောင်း၊ ဒေါ်ပုလဲနိုင်က **ဝိဓူရကတော် အနော်ဇာ** အဖြစ်လည်းကောင်း၊ ဦးခိုင်စိုးဝင်းက **ကောရဗျမင်း**အဖြစ်လည်းကောင်း၊ ဒေါ်ဒေဇီနိုင်က **ကောရဗျမိဖုရား**အဖြစ်လည်းကောင်း၊ မသွယ်သွယ်ဝင်းက **ဣရန္ဒတီ နဂါးမင်းသမီး**အဖြစ်လည်းကောင်း၊ ဦးတင်ဝင်းက **ဝရုဏနဂါးမင်း** အဖြစ်လည်းကောင်း၊ ဒေါ်ယဉ်ယဉ်မြင့်က **ဝိမလာနဂါးဒေဝီ** အဖြစ် လည်းကောင်း၊ ဦးဝေလုက **ဂဠုန်မင်း** အဖြစ်လည်းကောင်း၊ ဦးတာလေးက **သိကြားမင်း** အဖြစ်လည်းကောင်းမကွေးစိန်သန်းရေးသားသည့် ဇာတ်ညွှန်းကို စိန်ဌေးဝင်းဆိုင်းအဖွဲ့နှင့်တွဲဖက်လျက် ဦးတည်ချက်နှင့်အနှစ်သာရ ပြည့်ဝစွာဖြင့် ဝိဓူရဇာတ်တော်ကြီးကို အနုပညာရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

အောက်တိုဘာ ၂၀ရက် ည ၇ နာရီတွင် ရုပ်သေးပညာရှင်အဆင့် မင်းကုသဇာတ်တော်ကြီးပြိုင်ပွဲ ပထမနေ့အဖြစ် ဧရာဝတီတိုင်းကိုယ်စားပြု ဧရာလှိုင်းရုပ်စုံသဘင်အဖွဲ့က ကပြယှဉ်ပြိုင်တင်ဆက်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနေ ကွယ်လွန်သူ နှစ်ဖက်သောမိဘများအားရည်စူး၍ ကျန်ရစ်သူမိသားစုကငွေကျပ်နှစ်သိန်းကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

Accel International Co., Ltd. နှင့် Canon (Singapore) Pte., Ltd. တို့က တင်သွင်းသော Canon အမျိုးအစား ဒစ်ဂျစ်တယ်ကင်မရာ မော်ဒယ်လ်အသစ်များနှင့် Canon Ink Jet Printer မော်ဒယ်လ်အသစ်များ မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့ခင်းကျင်းသရုပ်ပြပွဲတွင် Accel International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Alvin Law အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

မြို့မကျောင်းသားဟောင်းအာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၉

မြို့မကျောင်းသား၊ကျောင်းသူဟောင်းအသင်းမှ ကြီးမှူး၍ (၂၅)ကြိမ်မြောက် သက်ကြီး အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၅ရက်(သောကြာနေ့)နံနက် ၉နာရီခွဲတွင် အမှတ် (၆၈)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊မြို့မကျောင်းသား၊ကျောင်းသူဟောင်း အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ကျောင်းသူဟောင်းများအသင်းဝင်သည်ဖြစ်စေ၊မဝင်သည်ဖြစ်စေ လှူသည်ဖြစ်စေ၊မလှူသည်ဖြစ်စေ ကြွရောက်ကြရန်နှင့်လှူဒါန်းလိုသူများသည် အသင်းတိုက်ဖုန်း-၂၅၀၁၅၃သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

အထက(၅)အလုံ အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၉

အထက(၅)အလုံ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲကို ဒီဇင်ဘာ ၁၀ရက် (စနေနေ့)နံနက် ၁၀နာရီခွဲတွင် အထက်ပါကျောင်း ခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် လှူဒါန်းလိုသူများသည် ကိုမြင့်သိန်း ဖုန်း-၇၀၈၀၈၇၊ ကိုဝင်းသူ ဖုန်း-၂၁၀၆၉၄၊ ကိုထွန်းထွန်း-မခင်ခင်လွင် ဖုန်း-၂၁၁၁၃၈နှင့် မလှမျိုးနွယ် ဖုန်း-၂၂၆၀၆၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

Canon ဒစ်ဂျစ်တယ် ကင်မရာ မော်ဒယ်လ်အသစ်များနှင့် Printer မော်ဒယ်လ်အသစ်များ မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

Accel International Co., Ltd. နှင့် Canon (Singapore) Pte., Ltd. တို့က တင်သွင်းသော Canon အမျိုးအစား ဒစ်ဂျစ်တယ်ကင်မရာမော်ဒယ်လ်အသစ်များနှင့် Canon Ink Jet Printer မော်ဒယ်လ်အသစ်များ မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့ခင်းကျင်းသရုပ်ပြပွဲကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ဓာတ်ပုံပညာရှင်များ၊ ဓာတ်ပုံလုပ်ငန်းရှင်များ၊ ဒစ်ဂျစ်တယ်ဓာတ်ပုံပညာ စိတ်ပါဝင်စားသူများနှင့် ကွန်ပျူတာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် Accel International Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Alvin Lawက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Canon (Singapore) Pte.,Ltd. မှ ဒုတိယဥက္ကဋ္ဌ Mr. Melvyn Ho က အမှာစကားပြောကြားသည်။ ထို့နောက် Accel International Co., Ltd. မှ မန်နေဂျာဦးဖိုးလစ်ထွန်းအောင်က ယခုမိတ်ဆက်တင်သွင်းသော Canon အမျိုးအစား ဒစ်ဂျစ်တယ်ကင်မရာ မော်ဒယ်လ်အသစ်များနှင့် Canon Ink Jet Printerမော်ဒယ်လ်အသစ်များနှင့် ပတ်သက်၍ ဗီဒီယိုဖြင့် ရှင်းလင်းပြသပြီး ဧည့်သည်များအား ကံစမ်းမဲလက်ဆောင်များပေးအပ်၍ ယနေ့တွင် ဒစ်ဂျစ်တယ်ကင်မရာ မော်ဒယ်အသစ်နှင့် Canon Ink Jet Printer မော်ဒယ်လ်အသစ် ဝယ်ယူသူများအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးသည်။

Accel International Co., Ltd. က တင်သွင်းသော Canon ဒစ်ဂျစ်တယ်ကင်မရာနှင့် Canon Ink Jet Printerများကို အမှတ်(၄၂၂-၄၂၆) ဆဋ္ဌမထပ် သစ်တောဖက်စပ်ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၀၂၀၉၂-၉၆သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် Canon အရောင်းပြခန်းများကို ရန်ကုန်မြို့၌ အမှတ်(၇-၈) အောင်ဆန်းကွင်း တောင်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၂၄၃၀၃၆-၃၈ နှင့် မန္တလေးမြို့၌ အမှတ်(၆) SY အဆောက်အအုံ (၇၈)လမ်း ဘူတာကြီးနှင့် မျက်နှာချင်းဆိုင် ဖုန်း-၀၂-၃၆၀၁၄၊ ၃၉၈၅၇ တို့တွင် ဖွင့်လှစ်ထားရှိသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် အားမာန်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၁၅ ရက်က ကျင်းပရာ မြို့နယ်သမဝါယမဦးစီးမှူး ဒေါ်နုနုမော်က အသင်းသားများအတွက် ကုန်ဝယ်ပေါ်ပြန်အမ်းငွေ၃၀၁၇၅၃ ကျပ် ၁၃ ပြားအား အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်လှိုင်သို့ ပေးအပ်စဉ်။ (၃၅)

❍ **ကျောဖုံးမှ**

ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အရေးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌လည်းကောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အတီးပြိုင်ပွဲ၏တယောအတီးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဓာတ်ရုံ၌ လည်းကောင်း အသီးသီး ကျင်းပကြသည်။

အားပေး

ယနေ့ကျင်းပသည့် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများသို့ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယက အဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ၊ အနုသုခုမပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို မြတ်နိုးကြသောပြည်သူများ၊ မှော်ဘီမြို့နယ် ရှမ်းကုန်းအခြေခံပညာ အလယ်တန်းကျောင်းမှ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ကမ္ဘာလှည့်ခရီးသည်များ တစ်ခဲနက် လာရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။

အဆိုပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကိုကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာအဆင့်မြင့်ပညာအဆင့်(အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကိုကျင်းပရာ "မြဂန္ဓမာ (ပတ်ပျိုး)" သီချင်းဖြင့် ရှမ်းပြည်နယ်မှ မောင်မင်းမင်းသန်း၊ ရခိုင်ပြည်နယ်မှ မောင်တင်စိုးလှိုင်၊ မွန်ပြည်နယ်မှ မောင်သိန်းတင်ဦး၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်၊ ပဲခူးတိုင်းမှ မောင်ကြာခိုင်၊ စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုး၊ ဧရာဝတီတိုင်းမှ မောင်ချမ်းမြေ့သူ၊ ရန်ကုန်တိုင်းမှ မောင်အောင်နိုင်ထွန်းနှင့် မောင်ကျော်ကျော်ဦး၊ မန္တလေးတိုင်းမှ မောင်ဟိန်းဝင်းလတ်နှင့် ကချင်ပြည်နယ်မှ မောင်အောင်ကြည်စိုးတို့ ပါဝင်သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁နာရီ ၁၅မိနစ်တွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ညင်းလေကသွေး (ပတ်ပျိုး)" သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ ပဲခူးတိုင်းမှ မဝသုန်ဦး၊ ကရင်ပြည်နယ်မှ မဝတ်ရည်ထက်၊ ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ တနင်္သာရီတိုင်းမှ မပန်းအိဖြူ၊ မန္တလေးတိုင်းမှ မခင်စံပယ်၊ ရန်ကုန်တိုင်းမှ မမြတ်ပိုးခေတ်နှင့် မမြတ်ဆုကြည်၊ မကွေးတိုင်းမှ မအိချောချောစု၊ မန္တလေးတိုင်းမှ မလှိုင်းဝေအိမ့်၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ ဧရာဝတီတိုင်းမှ မဆုပိုပိုစိုးနှင့် မွန်ပြည်နယ်မှ မဖြိုးဇာမျိုးမြင့်တို့ ပါဝင်သီဆိုပြိုင်ပွဲဝင်ကြပြီး အဆိုပြိုင်ပွဲ ဆဋ္ဌမနေ့ အစီအစဉ်များကို ညနေ ၄နာရီတွင် ရပ်နားလိုက်သည်။

အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့် (အမျိုးသား) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲများကို အမျိုးသား ပြတိုက်ဘက်စုံခန်းမ၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပညာရှင်အဆင့် (အမျိုးသား)ဆိုင်း တစ်ဦးချင်း အတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးအောင်စည်မိုး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အကပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် အမျိုးသားဇာတ်ရုံ၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အကပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မခင်မီမီဇော်၊ ရန်ကုန်တိုင်းမှ မဟန်နွေညိမ်း၊ ကယားပြည်နယ်မှ မသက်မာစိုး၊ ရန်ကုန်တိုင်းမှ မအေးလဲ့ဝါဝါအောင်၊ ဧရာဝတီတိုင်းမှ မပိုးချစ်ချစ်အောင်၊ မွန်ပြည်နယ်မှ မစမ်းသီတာ၊ ကရင်ပြည်နယ်မှ မိသန်းသန်းအေး၊ ပဲခူးတိုင်းမှ မခင်သူဇာအောင်၊ တနင်္သာရီတိုင်းမှ မဝတ်ရည်စိုး၊ ကချင်ပြည်နယ်မှ မအေးမွန်ဝင်း၊ စစ်ကိုင်းတိုင်းမှ မပန်းအိကျော်၊ မန္တလေးတိုင်းမှ မအိအိအောင်၊ ရှမ်းပြည်နယ်မှ မဝါဝါဝင်းလှိုင်နှင့် မန္တလေးတိုင်းမှ မပြည့်ဖြိုးမွန်တို့ ပါဝင်ကပြပြိုင်ပွဲဝင်ကြပြီးပြိုင်ပွဲကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား)အကပြိုင်ပွဲ၌ ချင်းပြည်နယ်မှ မောင်ဗန်တာကျုံး(ခ) ဖြိုးရာဇာနိုင်၊ ရှမ်းပြည်နယ်မှ မောင်မျိုးကိုကို၊ စစ်ကိုင်းတိုင်းမှ မောင်သူရကျော်၊ ပဲခူးတိုင်းမှ မောင်ထက်အောင်ဖြိုးလွင်(ခ) ထက်အောင်ဖြိုးကျော်၊ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်၊ မန္တလေးတိုင်းမှ မောင်မင်းပိုင်ဇေ၊ ဧရာဝတီတိုင်းမှ မောင်အောင်ကိုကို၊ ကယားပြည်နယ်မှ မောင်သိန်းဌေးအောင်၊ ကရင်ပြည်နယ်မှ မောင်ပိုင်ငြိမ်းဦး၊ မကွေးတိုင်းမှ မောင်ချစ်သူဝင်း၊ တနင်္သာရီတိုင်းမှ မောင်လင်းလင်းစိုး၊ မွန်ပြည်နယ်မှ မောင်အောင်စိုးထွန်း၊ ကချင်ပြည်နယ်မှ မောင်ပြည့်ဖြိုးအောင်၊ရန်ကုန်တိုင်းမှမောင်မျိုးမြင့်အောင်နှင့် မန္တလေးတိုင်းမှ မောင်သက်ပိုင်ဦးတို့ ပါဝင်ကပြပြိုင်ပွဲဝင်ကြပြီး ဆဋ္ဌမနေ့အကပြိုင်ပွဲ အစီအစဉ်များကို မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

အကပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏အကပြိုင်ပွဲကို အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် အကအကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ပြိုင်ပွဲကိုကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၀ရက်တွင် ဝါသနာရှင်အဆင့် ရုပ်သေးပြိုင်ပွဲကို ယင်းဇာတ်ရုံ၌ပင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက်၉နာရီတွင် ပန်တျာကျောင်း၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပရာ အောက်တိုဘာ ၁၅ရက်တွင် ရေးသားယှဉ်ပြိုင်ခဲ့သော အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်တွင် "မျိုးချစ်စိတ်ဓာတ်"သီချင်း ခေါင်းစဉ်နှင့် အဆင့်မြင့်ပညာအဆင့်တွင်"ထိန်းသိမ်းစို့လေ ရိုးရာအမွေ"သီချင်းခေါင်းစဉ်တို့ဖြင့် သီချင်းများကို ပြိုင်ပွဲဝင်များက သီချင်းတိုက် လေ့ကျင့်ကြသည်။

အတီးပြိုင်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ပဒုမ္မာဇာတ်ရုံ၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပရာ ပညာရှင်အဆင့်(အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဦးစိန်ဝင်းမြင့်၊ ဧရာဝတီတိုင်းမှ ဦးမြသန်းကျော်၊ ရန်ကုန်တိုင်းမှ ပန်တျာစိန်လှမြိုင်၊ မန္တလေးတိုင်းမှ ဦးကောင်းသန့်၊ မကွေးတိုင်းမှ ဦးအောင်မျိုးကျော်(ခ) မျိုးသင်၊ ကချင်ပြည်နယ်မှ ပန်တျာကျော်ဇော၊ ရခိုင်ပြည်နယ်မှ ဦးအောင်စည်မိုး၊ ရန်ကုန်တိုင်းမှ ဦးအေးမင်း (မြို့တော်)နှင့် ပဲခူးတိုင်းမှဦးစိန်သန်းနွယ်တို့က "ထောင်ရောင်နေကသာ"သီချင်းဖြင့်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား)ဆိုင်းတစ်ဦးချင်း အတီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မောင်ခန့်ကျော်၊ မွန်ပြည်နယ်မှ မောင်အောင်မင်းထွန်း၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းထွန်းဦး၊ မကွေးတိုင်းမှ မောင်ဝဏ္ဏလင်း၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်၊ ပဲခူးတိုင်းမှ မောင်ဝင်းထိန်၊ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းပိုင်၊ရန်ကုန်တိုင်းမှ မောင်လှကျော် (ခ)ရဲမင်း၊ ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုးနှင့် မန္တလေးတိုင်းမှ မောင်တင်မျိုးနိုင်တို့က"မိုးမင်းလွန်ကဲ"သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး အတီးပြိုင်ပွဲဆဋ္ဌမနေ့ အစီအစဉ်များကို ညနေ ၃နာရီခွဲတွင် ရပ်နားလိုက်သည်။

အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မဖြိုးဇာမျိုးမြင့် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပသော ပညာရှင်အဆင့်(...
အတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(...
တစ်ဦးချင်း အတီးပြိုင်ပွဲများကို ဦးစိန်လှမြိုင်...
အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍...

အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် ...
အဆင့် အသက် (၅–၁၀)နှစ် (အမျိုးသား/အ...
မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (အမျိုးသ...
ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေ...
နံနက် ၉ နာရီတွင် ကမ္ဘောဇဓာတ်ရုံ၌ ဆဋ္ဌမ...
ပညာရှင်အဆင့် (အမျိုးသား) တယောအတီး...
(ပတ်ပျိုး)"သီချင်းဖြင့် ကချင်ပြည်နယ်မှ ဦးသ...
ဦးသန်းထွန်း၊ မွန်ပြည်နယ်မှ ဦးဘသက်၊ ...
ရန်ကုန်တိုင်းမှ ဦးဘခက်၊ ဧရာဝတီတိုင်းမှ ဦး...
မှ ဦးစည်သူအောင်တို့ ပါဝင်ပြိုင်ပွဲဝင်ကြသ...

ဆက်လက်၍ ပညာရှင်အဆင့်(အမျိုး...
"မှိုင်းပြာဝေ(ပတ်ပျိုး)"သီချင်းဖြင့် ကချင်ပြ...
ပြိုင်ပွဲဝင်ပြီး တယောအတီးပြိုင်ပွဲကို မွန်းလွဲ ...

ယင်းနောက် အခြေခံပညာအဆင့် အ...
တယောအတီးပြိုင်ပွဲကို မွန်းလွဲ ၂နာရီတွင် ဆ...
(ကြိုး)"သီချင်းဖြင့် ရန်ကုန်တိုင်းမှ စောဘလ...
ဟေရှာယာထောထော၊ ရှမ်းပြည်နယ်မှ ခွန်...

ဆက်လက်၍ အခြေခံပညာအဆင့် အ...
တယောအတီးပြိုင်ပွဲ၌ "တပ်မတော်အင်အား(...
တိုင်းမှ မပန်ပန်ရွှေစိုးနှင့် မချောကလျာစိုး၊ ...
ကချင်ပြည်နယ်မှ မအေးလင်းသူနှင့် ရန်ကု...
ပါဝင် ပြိုင်ပွဲဝင်ကြသည်။

ယနေ့ကျင်းပသည့် အတီးပြိုင်ပွဲများကို ...
ဥက္ကဋ္ဌ ဂီတလုလင် ဦးကိုကိုနှင့် အတီး အ...
ပြိုင်ပွဲကိုကြီးကြပ်၍ အမှတ်ပေးကြသည်။

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ကမ္ဘောဇဓာတ်ရုံ)	(ကမ္ဘောဇဓာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အက/ဇာတ်သဘင်	အရေး	အတီး	အတီး
၇။	၂၀–၁၀–၂၀၀၅ ကြာသပတေးနေ့	**ဓမ္မပူဇာတေး (နံနက်)** (၁) ပညာရှင် (ကျား) **ခေတ်ဟောင်း/ကာလပေါ်(နေ့လယ်)** (၂) အခြေခံ(၁၀–၁၅) (မ)	**ရုပ်သေး** (၁) ဝါသနာရှင် **မင်းကုသရုပ်သေးဇာတ်တော်ကြီး (ညပိုင်း)** ဧရာဝတီတိုင်းကိုယ်စားပြု ဧရာလှိုင်းရုပ်စုံသဘင်အဖွဲ့	**အရေးသီချင်းပြိုင်ပွဲ** (၁) ပညာရှင်		**စောင်း** (၁) အခြေခံ(၅–၁၀)(ကျား/မ) (နံနက်) (၂) ဝါသနာရှင်(ကျား/မ) (နေ့လယ်)
၈။	၂၁–၁၀–၂၀၀၅ သောကြာနေ့	**ခေတ်ဟောင်း/ကာလပေါ်(နံနက်)** (၁) ပညာရှင် (မ) **ဓမ္မပူဇာတေး (နေ့လယ်)** (၂) အခြေခံ(၁၀–၁၅) (ကျား)	**စန္ဒရား** (၁) အခြေခံ (၁၅–၂၀) (ကျား) (နံနက်) (၂) အခြေခံ(၅–၁၀)(ကျား) (နေ့လယ်) (၃) ပညာရှင် (မ) (နေ့လယ်) ရုပ်သေးမင်းကုသဇာတ်(ညပိုင်း) မဲကျရာ အမှတ်(၁)ဇာတ်အဖွဲ့	**အရေးသီချင်းပြိုင်ပွဲ** (၁) အခြေခံ(၅–၁၀) (နံနက်) (၂) အဆင့်မြင့်ပညာ (နေ့လယ်)		**ဆိုင်းအဖွဲ့လိုက်** (၁) ဝါသနာရှင် (မ) (နံနက်) (၂) အဆင့်မြင့် (မ) (နေ့လယ်) (၃) အခြေခံ(၁၀–၁၅)(မ)(နေ့လယ်)

တေရသမအကြိမ် (...
အဆို၊ အက၊ အရေ...

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာ...
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု ...
၃။ မြန်မာ့ဂီတ၊ မြန်မာ့အ...
ဆက်လက် ထွန်းကားပြန့်...
၄။ မြန်မာတို့၏ အမျိုးသား...
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်...
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု ...
၇။ တိုင်းရင်းသား စည်းလုံးည...
စေရန်။

ယနေ့ကျင်းပသော ပညာရှင်အဆင့်(အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ်(အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲများကို ဦးစိန်လှမြိုင်ခေါင်းဆောင်သော ဆိုင်းအတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် ပဒုမ္မာဇာတ်ရုံ၌ပင် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသား/အမျိုးသမီး) စောင်းအတီးပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (အမျိုးသား/ အမျိုးသမီး) စောင်းအတီးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ကမ္ဘောဇဇာတ်ရုံ၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပရာ ပညာရှင်အဆင့် (အမျိုးသား) တယောအတီးပြိုင်ပွဲတွင် "အထူးထူး ငယ်နှင့်(ပတ်ပျိုး)"သီချင်းဖြင့် ကချင်ပြည်နယ်မှ ဦးသန်းထွန်းအောင်၊ ရန်ကုန်တိုင်းမှ ဦးသန်းထွန်း၊ မွန်ပြည်နယ်မှ ဦးဘသက်၊ မန္တလေးတိုင်းမှ ဦးတင်ဝင်း၊ ရန်ကုန်တိုင်းမှ ဦးဘခက်၊ ဧရာဝတီတိုင်းမှ ဦးခင်မောင်ရင်နှင့် ရခိုင်ပြည်နယ်မှ ဦးစည်သူအောင်တို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ပညာရှင်အဆင့်(အမျိုးသမီး) တယောအတီးပြိုင်ပွဲ၌ "မှိုင်းပြာဝေ(ပတ်ပျိုး)"သီချင်းဖြင့် ကချင်ပြည်နယ်မှ မခိုင်ဇာဇာကြည်က ပြိုင်ပွဲဝင်ပြီး တယောအတီးပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ခေတ္တရပ်နားသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) တယောအတီးပြိုင်ပွဲကို မွန်းလွဲ ၂နာရီတွင် ဆက်လက်ကျင်းပရာ "ဝေဘာဂီရိ(ကြိုး)"သီချင်းဖြင့် ရန်ကုန်တိုင်းမှ စောဘလက် စင်မိုးစက်နှင့် စောဟေရှာဟေရှာယာထောထော၊ ရှမ်းပြည်နယ်မှ ခွန်နေရီတို့ပါဝင် ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) တယောအတီးပြိုင်ပွဲ၌ "တပ်မတော်အင်အား(ကာလပေါ်)"သီချင်းဖြင့် မန္တလေးတိုင်းမှ မပန်ပန်ရွှေစိုးနှင့် မချောကလျာစိုး၊ ရန်ကုန်တိုင်းမှ နော်သရူဖော၊ ကချင်ပြည်နယ်မှ မအေးလင်းသူနှင့် ရန်ကုန်တိုင်းမှ နော်ဆုလဲ့စိုးဝင်းတို့ ပါဝင် ပြိုင်ပွဲဝင်ကြသည်။

ယနေ့ကျင်းပသည့် အတီးပြိုင်ပွဲများကို အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဂီတလုလင် ဦးကိုကိုနှင့် အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကိုကြီးကြပ်၍ အမှတ်ပေးကြသည်။

(သတင်းစဉ်)

ကျေးလက်ရေရရှိရေးစီမံကိန်း အချိန်အဟုန်မြှင့်တင် ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင်ထိန်းသိမ်း

ရန်ကုန် အောက်တိုဘာ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက်၁၀နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ်(၂၄၅)ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသော စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဘဏ် လီမိတက်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ဆောင်ရွက်

ရှေးဦးစွာ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများကခရိုင်ချင်းဆက်လမ်းလုပ်ငန်း ဆောင်ရွက်ရန် လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက ကျေးလက်အိမ်ရာ စီမံကိန်း လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြသည်။

တင်ပြ

ဆက်လက်၍ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက အပူပိုင်းဒေသတိုင်း သုံးတိုင်း ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စီမံကိန်းများ ဆောင်ရွက်မှု အခြေအနေအပေါ် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးသည်။

လိုက်နာဆောင်ရွက်

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့် စည်ပင်သာယာရေးလုပ်ငန်းတာဝန်များအပြင် အထူးတာဝန်ပေးထားသော စီမံကိန်းများဖြစ်သည့် ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ရေးစီမံကိန်း၊ အပူပိုင်းဒေသတိုင်း သုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း ကျေးလက်ရေရရှိရေးစီမံကိန်း၊ ကျေးလက်စံပြအိမ်ရာ တည်ဆောက်ရေး စီမံကိန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးရန်အတွက် အချိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြို့သာယာလှပရေး လုပ်ငန်းများကိုလည်း အဆင့်မြှင့်တင်လုပ်ဆောင်ကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေးကို အဓိကထားဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းရန်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကို အပင်ပန်းခံ၍ အောင်မြင်အောင် လိုက်နာဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် မြို့ပြလမ်းကတ္တရာခင်းခြင်း မိုင် ၁၅၁၀၊ ကျောက်နှင့် ဂဝံခင်းခြင်း ၉၉၅ မိုင်၊ မြေသားလမ်း ၆၇၆ မိုင် စုစုပေါင်း ၃၁၈၁ မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ကျေးလက်လမ်းကတ္တရာခင်းခြင်း ၁၀၃၉ မိုင်၊ ကျောက်လမ်းမိုင် ၃၃၆၀၊ ဂဝံလမ်း ၁၅၄၄ မိုင်၊ မြေသားလမ်း မိုင် ၆၆၀၀ စုစုပေါင်း ၁၂၅၄၃ မိုင် အဆင့်မြှင့်တင်ဖောက်လုပ်နိုင်ခဲ့သဖြင့် မြို့ပြနှင့် ကျေးလက်၌ မိုင်ပေါင်း ၁၅၇၂၄ မိုင်ကို အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

(သတင်းစဉ်)

✧ တိုင်းမှူးမှ

သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု၊ ဖြစ်ပွားရသည့်အခြေအနေနှင့် ကာကွယ်ကုသ တားဆီးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရသည့် အဓိကအကြောင်းရင်းဖြစ်သည့် လောက်လမ်းနှိမ်နင်းရေး၊ ရပ်ကွက်များအတွင်း ရေမဝပ်ရေး၊ ပျံကျဈေးသည်များ စည်းကမ်းစနစ်တကျဖြင့် ရောင်းချစေရေး၊ ချုံနွယ်ကင်းရှင်းပြီး ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ သန့်ရှင်းရေးနှင့် မြို့နယ် ပညာရေးဌာနအပါအဝင် ဌာနဆိုင်ရာများက ကျောင်းများနှင့်ရပ်ကွက်များအတွင်း သန့်ရှင်းသပ်ရပ်စေရန် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးမှာကြားကြသည်။

ယင်းနောက်တိုင်းမှူး၊ ဝန်ကြီး၊ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရွှေပြည်သာမြို့နယ် (၁၀)ရပ်ကွက် သာစည်လမ်း၊ ညောင်ဦးလမ်းနှင့် ရေဖြူလမ်းတို့၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့တော်စည်ပင်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တာဆီးနှိမ်နင်းရေးလုပ်ငန်းရပ်များဖြစ်ကြသည့် ရေနုတ်မြောင်းများရှင်းလင်းပြီး အမှိုက်များဆယ်ယူခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးမှုတ်ခြင်း၊ ဖုံး၊သွန်၊လဲ၊စစ် စနစ်ကျင့်သုံးနိုင်ရန် ပညာပေးသရုပ်ပြသခြင်း၊ ရေအိုးရေစည်များအတွင်း လောက်လမ်းစား ငါးများထည့်သွင်းမွေးမြူပေးခြင်း၊ ABADE ဆေးများရေတွင်းရေကန်များအတွင်း ခတ်ပေးခြင်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးကြပြီး ရပ်ကွက်နေပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် အမှတ်(၁၀)ရပ်ကွက် ရတနာသီရိလမ်းရှိစနေပတ်နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများအား ကျန်းမာရေးဦးစီးဌာနနှင့် မြို့တော် စည်ပင်ကျန်းမာရေးဌာနတို့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြောနေမှုကို ကြည့်ရှုစစ်ဆေးအားပေးသည်။

(သတင်းစဉ်)

ကလေးများအတွက် အာနာပါနသင်တန်းဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီး ဦးဂိုအင်ကာ၏ ဓမ္မဇောတိရိပ်သာတွင် အောက်တိုဘာ ၂၁ရက်၌ အသက်(၈)နှစ်မှ (၁၂)နှစ်အထိ ကလေးများအတွက် အာနာပါနသင်တန်းကိုလည်းကောင်း၊ အောက်တိုဘာ ၂၂ရက်မှ ၂၄ရက်အထိ အသက်(၁၃)နှစ်မှ (၁၆)နှစ်အထိ ကလေးများအတွက်လည်းကောင်း အာနာပါနသုံးရက်သင်တန်း ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်ရာ ဖုန်း-၅၄၉၂၉၀နှင့် ၅၄၆၆၆၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၇။ အရေးပြိုင်ပွဲ
- ၈:၁၀ ၈။ အကပဒေသာ
- ၈:၂၀ ၉။ ကွန်ချောင်းရေလှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ EnglishforEverydayUse.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ အတီးပြိုင်ပွဲ
- ၅:၄၅ ၈။ တေးဂီတအစီအစဉ်
- ၅:၅၅ ၉။ **"နင်းကြည့်စမ်းပါ" (မင်းအုပ်စိုး၊ညီဘွား၊ခင်စိုးပိုင်) [ဒါရိုက်တာ–မင်းအုပ်စိုး]**
- ၆:၀၅ ၁၀။ မြန်မာစာ၊မြန်မာစကား
- ၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ဘာ"(အပိုင်း–၂၇)**
- ၇:၃၅ ၁၅။ ဖွံ့ဖြိုးသာယာတိုင်းဧရာ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ၂၀၀၅ခုနှစ်၊တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ"(အပိုင်း–၂၁)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာရှင်သန်လာစေရန်။

ရတနာမဉ္ဇူဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၉

ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်း ရတနာမဉ္ဇူဓမ္မရိပ်သာ၌ လယ်တီမူ အနာဂါမ် ဆရာသက်ကြီးနည်းဖြင့် (မဟာသဒ္ဓမ္မဇောတိက)ဆရာကြီး ဦးသန်း(ဒလ–ပျော်ဘွယ်ကြီး)ဦးဆောင်၍ အောက်တိုဘာ ၂၅ရက်မှ နိုဝင်ဘာ ၁ရက်အထိ လစဉ်လပြည့်ကျော် ၈ရက်နေ့တိုင်း ခုနစ်ရက်ဝိပဿနာတရားစခန်း ဖွင့်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖွင့်မည့်ရက် နံနက် ၇ နာရီအရောက် လာရောက်ကြရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)

လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲနှင့် အိုင်တီအက်ဖ် တင်းနစ်ပြိုင်ပွဲများ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)ပတ္တမြားခန်းမ၌ ကျင်းပသော ၂၀၀၅ခုနှစ်(Grand Royal Challenge Cup)လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲနှင့် ၂၀၀၅ခုနှစ်(ITF Junior World Ranking Championship) တင်းနစ်ပြိုင်ပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးနှင့်ပတ်သက်သည့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အဓိကအားဖြင့် လာမည့်(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာ(ယူ-၂၃)ဘောလုံးအသင်း၏ အကြိုခြေစမ်းပွဲဖြစ်ပြီး မြန်မာ့ဘောလုံးနှင့် တင်းနစ်အားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်နေမှုများကိုလည်းကောင်း၊ နိုင်ငံသူနိုင်ငံသားတို့၏ ဧည့်ဝတ်ကျေပွန်မှုနှင့် နိုင်ငံတကာပြိုင်ပွဲများကို အဆင့်အတန်းမီမီ ကျင်းပနိုင်မှုများကိုလည်းကောင်း ပြိုင်ပွဲလာသူများ တွေ့မြင်သိရှိနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြိုင်ပွဲကြီး အောင်အောင်မြင်မြင်ဖြင့် ပြီးဆုံးသည်အထိ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲနှင့် ၂၀၀၅ခုနှစ်(ITF Junior World Ranking Championship)ပြိုင်ပွဲများ ကြိုတင်ပြင်ဆင်မှုများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၅ ခုနှစ် Grand Royal Challenge Cup **လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲနှင့် ၂၀၀၅ ခုနှစ်** ITF Junior World Ranking Championship **တင်းနစ်ပြိုင်ပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရေးနှင့် ပတ်သက်သည့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း၄၀ဖြစ်သည်။

မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅) ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅) အခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက် ၉နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေနှင့် တိုင်းအလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မကွေးတိုင်းအတွင်းရှိ ငါးခရိုင်နှင့် မြို့နယ် ၂၅ မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မကွေးတိုင်းအတွင်းမှ ၂၀၀၄-၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာနှင့် ငါးဘာသာ ဂုဏ်ထူးရရှိကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဇော်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက တိုင်းအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှု မှတ်တမ်းများကို သက်ဆိုင်ရာ ဌာနများသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဇော်သိန်းနှင့်အဖွဲ့ဝင်များ၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းနှင့် တာဝန်ရှိသူများက မကွေးတိုင်းမှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာဖြင့် အောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦးတို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅) အခမ်းအနားကို ဆက်လက်ကျင်းပရာ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းအလုပ်အမှုဆောင် ဦးဟန်မောင်က တစ်နှစ်တာကာလအတွင်း မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ရှေ့လုပ်ငန်းစဉ်များ အကောင်ထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းအလုပ်အမှုဆောင် ဦးကျော်မိုးက မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို တင်သွင်းသည်။

ယင်းနောက် တိုင်းအလုပ်အမှုဆောင် ဦးသန်းဆွေက ၂၀၀၅ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး ဦးတည်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းအလုပ်အမှုဆောင် ဦးကိုလေးက ပြည်တွင်း၊ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေးနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မကွေးတိုင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုအတည်ပြုပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ကြွေးကြော်သံများဖြင့်ရုပ်သိမ်းလိုက်သည်။

ထို့အတူ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅) မြေစိုက်ပိုစတာ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက် ၇နာရီတွင် မကွေးမြို့ ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထောင့်၌ ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းက မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ထူးချွန် ကျောင်းသား၊ကျောင်းသူများက ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)ကို အောက်တိုဘာ ၁၄ရက်တွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးထွန်းဝေနှင့် ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို သံတွဲမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်နှင့် ပြည်မြန်မာသီချင်းတို့ဖြင့် ဖွင့်လှစ်ကြပြီး သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ဆက်လက်၍ သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြည်ရွှင်က တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကိုဖတ်ကြားတင်ပြသည်။ ထို့နောက် ထူးချွန် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို ချီးမြှင့်ပြီး မြို့ပေါ်ပရိယတ္တိ စာသင်တိုက်များအား ဆွမ်းဆန်တော်များကို လှူဒါန်းသည်။

ယင်းနောက် အစည်းအဝေးက ကဏ္ဍကြီးလေးရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်မှုများ၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၁၉

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ပြည်နယ်၊ တိုင်းများမှ အုပ်ချုပ်သူများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်သူများက ပြိုင်ပွဲနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၅ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၃၅၆၇၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

သတိပေး နှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုကြောင့်လည်း ဖြစ်ပွားခဲ့သည်ကိုတွေ့ရှိရပါသည်။

လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန်လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားများမှသာအချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့်၊ လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အာဆီယံနှင့်တရုတ် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် နိုင်ငံတကာညီလာခံသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၉

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အောက်တိုဘာ ၁၈ရက်မှ ၂၀ရက်အထိကျင်းပမည့် ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် နိုင်ငံတကာညီလာခံသို့တက်ရောက်ရန် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Yu Boren၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အပေါ်ဓါတ်ပုံ)

ဝန်ကြီးနှင့်အတူ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်လိုက်ပါသွားပြီး ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိကြီးများညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာန ဌာနမှူး ရဲမှူးကြီးခမ်းအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီတို့ အောက်တိုဘာ ၁၆ရက်တွင် ကြိုတင် ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ မိတ္ထီလာ၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယမန်နေ့နံနက်ရနာရီတွင် မိတ္ထီလာမြို့ ခရိုင်မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ အခမ်းအနားသို့ လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းနှင့် အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအဖြစ် လေကြောင်းအတတ်သင်လေတပ်စခန်းနှင့် အမှတ်(၁) တပ်ထိန်းတပ်(လေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ပထမဆုရရှိသည့်အသင်းမှ အားကစားသမားများအား လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့်အသင်းမှ အားကစားသမားများအား မြေပြင်အတတ်သင် လေတပ်စခန်း ဒုတိယလေတပ်စခန်းမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်ကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ပထမရရှိသည့် လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)(ကိုယ်စား) လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင် တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စည်သွတ်အစားအသောက်များနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်၊ နန်တောကျေးရွာ ဈေးဆိုင်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ စည်သွတ်ဘူး (၅)မျိုးသည် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် မရရှိထားခြင်း၊ ဘူးခွံ (Container)များမှာ သံချေးတက်နေခြင်း၊ နို့ဆီ/နို့စိမ်းဘူးခွံများကို ပြန်လည်သုံးစွဲထားခြင်းတို့ကြောင့် ဘူးခွံ (Container)၏ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိခြင်း၊ ဘူးခွံပေါ်ပါ ရက်စွဲအမှတ်အသားမှာ မူလ နို့ဆီ/နို့စိမ်းဘူးများ၏ ရက်စွဲ အမှတ်အသားဖြစ်ခြင်း၊ ထုတ်လုပ်ရက်စွဲ အမှတ်အသားများဖော်ပြမှုမရှိခြင်းတို့ကြောင့် အများပြည်သူ စားသုံးရန်မသင့်သော စည်သွတ်ဘူးများဖြစ်ကြောင်းနှင့် အလားတူ စားသုံးရန်မသင့်သော အစားအသောက် ပစ္စည်းများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချလေ့ရှိသဖြင့် အများပြည်သူ ကျန်းမာရေးထိခိုက်နိုင်ပါ၍ သတိပြုကြပါရန် အသိပေးအပ်ပါသည်။

စဉ်	စည်သွတ်ဘူးအမှတ်တံဆိပ်	လုပ်ငန်းအမည်
၁။	"Sun အမှတ်တံဆိပ်" ဝက်သားစည်သွတ်ဘူး	Ever Rich International Production Co.,Ltd.
၂။	"Sun အမှတ်တံဆိပ်" ကြက်သားစည်သွတ်ဘူး	Ever Rich International Production Co.,Ltd.
၃။	"Sun အမှတ်တံဆိပ်" အမဲသားစည်သွတ်ဘူး	Ever Rich International Production Co.,Ltd.
၄။	"Shwe Nan Daw/ ရွှေနန်းတော်အမှတ်တံဆိပ်"ငါးစည်သွတ်ဘူး	Ever Rich International Production Co.,Ltd.
၅။	"တရုတ်ဘုံကျောင်း အမှတ်တံဆိပ်" ဝက်သားစည်သွတ်ဘူး	Ever Rich International Production Co.,Ltd.

၃။ စည်သွတ်အစားအသောက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလိုသူသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားရယူပြီးမှ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရန်လိုအပ်ပါကြောင်းနှင့် လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အထက(၁)ဗိုလ်တထောင် အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၉

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်မြို့နယ်၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်၍ နှစ်စဉ် ပူဇော်ကန်တော့ခံ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန်အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့် ဖုန်း-၂၉၁၂၇၂၊ ဦးမောင်မောင်အောင် ဖုန်း-၀၉၅၀၀၇၁၂၁၊ ဦးဌေးဝင်းအောင် ဖုန်း-၂၀၁၆၈၈၊ ဦးမြင့်သိန်း ဖုန်း-၀၉၉၉၂၁၄၄၄၊ ဦးဇော်မင်းထွန်း ဖုန်း-၅၇၇၅၈၄၊ ဒေါ်စိုးပပလွင် ဖုန်း-၀၉၅၁၂၈၅၈၄၊ ဒေါ်စိန်ရွှေ ဖုန်း-၇၂၇၇၄၉၊ ဒေါ်အေးမာကျော် ဖုန်း-၂၉၈၄၀၅တို့ထံ အောက်တိုဘာ ၃၀ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြရန်နှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆွီဒင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးနေဝင်းအား ပူးတွဲခန့်အပ်

ရန်ကုန် အောက်တိုဘာ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းအား ဆွီဒင်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

နော်ဝေးနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးနေဝင်းအား ပူးတွဲခန့်အပ်

ရန်ကုန် အောက်တိုဘာ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းအား နော်ဝေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

ရွှေဥမင်ရိပ်သာ ကထိန်သင်္ကန်းကပ်လှူပွဲ

ရန်ကုန် အောက်တိုဘာ ၁၉

ရွှေဥမင်ဓမ္မသုခတောရရိပ်သာ၏ (၇)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၇ခု (သီတင်းကျွတ်လပြည့်ကျော် ၅ရက်)အောက်တိုဘာ ၂၂ရက်(စနေနေ့)နံနက်ရနာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယော) ဆရာတော်က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန် နှိုးဆော်

ရန်ကုန် အောက်တိုဘာ ၁၉

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ခေတ်မီဘက်စုံ တည်ဆောက်ရေး"** နှင့် **"ရှုချင်စဖွယ်အမျိုးသားယဉ်ကျေးမှု"** ဟူ၍ ခေါင်းစဉ်နှစ်မျိုးဖြင့် ကျင်းပမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို (၁၀x၁၂)လက်မနှင့် အထက်အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရရှိသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကိုတင်ပြနိုင်ရမည်။ ဆလိုက်ဖလင် လက်ခံမည်မဟုတ်ပါ။ ဓာတ်ပုံနှင့် ဆိုင်ရာအချက်အလက်များ၊ Data နှင့် ဓာတ်ပုံအကြောင်းအရာ Caption ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူ ခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည်မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့်တတိယဆု ရရှိကြသူများအား ၂၀၀၆ခုနှစ် မတ်လ ၂၇ရက်တွင် ကျင်းပမည့် (၆၁)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာတိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးသန်းထွန်း ဒုတိယညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာမှ ကြေညာချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ချမ်းမြေ့ရိပ်သာကျောင်း ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်း (၅၅/က) ကမ္ဘာအေးစေတီလမ်း၌ (၂၉) ကြိမ်မြောက် ဘုံကထိန်လျာ သင်္ကန်းလှူဒါန်းဆက်ကပ်ပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့က ဦးဆောင်၍ ၁၃၆၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်၊ အောက်တိုဘာ ၃၀ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်သည်။

ချမ်းမြေ့ရိပ်သာ ကျောင်းအတွင်း ပုရိမ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များအပါအဝင် ပင့်သံဃာ အပါး ၁၂၀ တို့အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို လှူဒါန်းဆက်ကပ်ကြမည်ဖြစ်သည်။ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအလှူသို့ ပါဝင်ဆင်နွှဲကြရန်နှင့် အနုမောဒနာတရား နာကြားကြပါရန် ချမ်းမြေ့ယောဂီများ၊ ဝေယျာဝစ္စအဖွဲ့များနှင့် ဓမ္မမိတ်ဆွေ စေတနာရှင်အပေါင်းတို့အား ဖိတ်ကြားထားသည်။ အထူးသဖြင့် လှူဖွယ်ပစ္စည်းများကို နံနက် ၈နာရီမှစ၍ အလှူရှင်များ ကိုယ်တိုင်ကပ်လှူနိုင်ရန် ဝေယျာဝစ္စအဖွဲ့မှ စီစဉ်ထားကြောင်း သိရသည်။ (က-ပ)

အလှူတော်ငွေပေးအပ်

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း၊ (၅)ရပ်ကွက်၊ အမှတ် (၃)ဝိုင်းအတွင်း သီတင်းသုံးအပူဇော်ခံလျက်ရှိသော ဆုတောင်းပြည့်ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက် ဆောက်လုပ်ရန်အတွက် အောက်တိုဘာ ၁၅ရက်က တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သီလလမ်းနေ ဒေါ်အိ၊ ဒေါ်သီနှင့် ခင်ပွန်း ဦးတင်မြင့်တို့၏အား ရည်စူး၍ ဒေါ်တင်စိန်နှင့် သားသမီးမြေးတစ်စုတို့က အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို ပေးအပ်လှူဒါန်းရာ ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒနှင့် အကျိုးတော်ဆောင်အဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၆၃)

လေးနိုင်ငံ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး ခေါင်းဆောင်သည့် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် မလေးရှားနိုင်ငံ ပီနန်မြို့၌ ၂၀၀၅ခုနှစ် အောက်တိုဘာ ၂၁ရက်မှ ၂၆ရက် အထိ ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို လေးနိုင်ငံ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲတွင် မြန်မာ၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၅
(ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၁၅	ဆန်စက်ဖွံ့ဖြိုးတိုးပြည်အကျိုး
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	Star Album
၈:၀၅	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍သိကောင်းစရာ
၈:၂၅	မိုးလေဝသခန့်မှန်းချက်
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	ရေကြောင်းပညာ သိကောင်းစရာ (ဦးမျိုးမြတ်သူ၊ ဦးရွှေစိုး)
၉:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅	နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	မြန်မာစာမြန်မာစကား
၁၀:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။



ဆုချီးမြှင့်

ပုဇွန်တောင်မြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုနှင်းသဘင်ကို အောက်တိုဘာ ၁၅ ရက်က ကျင်းပရာ ကဗျာပြိုင်ပွဲ မြို့နယ်ပထမဆုနှင့် ကျောင်းတွင်း ပညာရည်ချွန်ဆုရ သတ္တမတန်းမှ မစုစုဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဦး ဆုချီးမြှင့်စဉ်။ (က-ပ)

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေး **စောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များက ကမ္ဘာ့ကျန်းမာရေးအဖွဲ့** External Review of National Malaria Control Programme **အဖွဲ့မှ** Mr. Pricha Petlueng **နှင့်** Dr. Sunil Kaul **တို့အား အသင်း၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။** (မိခင်/ကလေး)

မိခင်နှင့်ကလေး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ External Review of National Malaria Control Programme အဖွဲ့မှ Mr. Pricha Petlueng နှင့် Dr. Sunil Kaul တို့သည် အောက်တိုဘာ ၁၈ရက် ညနေ ၃နာရီခွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) ဘက်စုံ အဆောက်အအုံသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ငှက်ဖျားရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် ပါဝင်ဆောင်ရွက်မှုကိုလည်းကောင်း ဆွေးနွေးကြသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အသင်း၏လုပ်ငန်းစဉ်များနှင့် ငှက်ဖျားရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် အသင်းအနေဖြင့် ပါဝင်ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြသည်။ (သတင်းစဉ်)

ဗိုလ်တထောင် အထက(၃) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

ဆဌမအကြိမ်မြောက် အသက်(၆၀) ပြည့်ပြီး ဆရာ၊ ဆရာမကြီးများ ပူဇော်ပွဲကို ဗိုလ်တထောင်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း (ယခင် ရေကျော်အထက) သစ္စာခန်းမ၌ အောက်တိုဘာ ၃၀ ရက် နံနက် ၇ နာရီတွင် ကျင်းပမည် ဖြစ်သည်။ ၂၀၀၅ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများနှင့် အသေးစိတ်သိလိုသူများသည် ဦးဆန်းထူး၊ ဦးမြင့်ငြိမ်း (ကျောင်းရုံးခန်း) ဖုန်း-၂၉၄၃၂၂၊ ဦးကျော်အောင် ဖုန်း-၇၀၃၂၂၀၊ ဦးကျော်ဝင်း ဖုန်း-၅၇၉၃၁၉၊ ဦးလှသိန်း ဖုန်း-၂၉၄၁၁၀၊ လိုင်းခွဲ-၂၀၁၊ ဦးခင်မောင်ဦး၊ ဒေါ်သိန်းသိန်းရင် ဖုန်း-၅၇၂၃၅၂၊ ဦးမောင်မောင်ဇော်ဝင်း ဖုန်း-၅၇၁၁၃၄၊ ဦးလှိုင်မြင့် ဖုန်း-၂၉၉၂၉၅၊ ဦးမြင့်ဆွေ ဖုန်း-၂၉၇၆၃၉၊ ဦးသန့်ဇင် ဖုန်း-၇၂၁၃၅၇၊ ၀၉-၅၁၀၀၁၄၉ နှင့် ဒေါ်လဲ့လဲ့ဝင်းဟန် ဖုန်း-၀၉-၅၀၀၆၈၄၃ တို့သို့ ဆက်သွယ် စုံစမ်းနိုင်သည်။ (သတင်းစဉ်)

The Commerce Journal အတွဲ (၅)၊ အမှတ် (၁၇) ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၉

နောက်ဆုံးရ စီးပွားရေးသတင်း အချက်အလက်များကို ဦးစားပေး ဖော်ပြပေးနေသည့် The Commerce Journal အတွဲ(၅)၊ အမှတ် (၁၇) ကို ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင်ဆရာမောင်စူးစမ်း၏ ခေတ်ပေါ် အငြင်းအခုံနှစ်ပါး၊ တင်စိုး (ဘောဂဗေဒ)၏ စီးပွားရေး တိုးတက်မှု လေ့လာရေးခရီးလိုက်ကြမလား၊ ဒေါက်တာခင်မောင်ညို၏ စီးပွားရေး၊ မောင်တိုင်ပင်၏ ပဲကုန်သည်တွေ ဈေးကွက်အသစ် ရှာဖို့လိုပြီ၊ မောင်သံ့၏ တရုတ်ပဲဈေးကွက်၊ အောင်စိုး (MPM) ၏ စင်ကာပူ စီးပွားရေး စီမံခန့်ခွဲမှု၊ ကြည်ရွှန်း၏ ရာတန်တာတာ၊ မောင်ပုဆိုးကြမ်း၏ လက်တင်အမေရိကနှင့် တရုတ်ကုန်သွယ်ရေး စသည့် သုတ/ရသစုံဆောင်းပါးများအပြင် ဒေသထွက်ကုန်ပစ္စည်းများ၊ နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ ပို့ကုန်လိုင်စင် ခွင့်ပြုသည့်ဈေးနှုန်းများဖြင့် ဝေဝေဆာဆာ ဖော်ပြပြီး အမှတ်(၃၈) လမ်း ၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ကြက်တောင်ပြိုင်ပွဲ အားကစားဝန်ကြီးတက်ရောက် ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၉

၂၀၀၅ ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ အနော်ရထာလမ်းရှိ အမျိုးသား ကြက်တောင် အားကစားခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အဖွဲ့ဝင်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး၊ ကြက်တောင်အားကစား နည်းတာဝန်ခံ နာယကများ၊ ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါဆေးဝါး၊ ဆောက်လုပ်ရေးလုပ်ငန်း)တို့က အသက် (၁၄)နှစ်အောက်၊ (၁၆)နှစ်အောက်၊ (၁၈)နှစ်အောက်နှင့် အကြီးတန်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများကို အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိကြသော အမျိုးသား တေဇာဖြိုး (ရန်ကုန်)နှင့် အမျိုးသမီး ခင်ကေသီလွင် (ရန်ကုန်) တို့အား ဆုများချီးမြှင့်သည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသားပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်း၊ အမျိုးသမီးပြိုင်ပွဲ ပူးတွဲပထမဆုရ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့အား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းများ ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်း အမျိုးသား အသင်းသည် ရွှေခြောက်ခုဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း အမျိုးသမီးအသင်းတို့သည် ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးနှစ်ခုစီဖြင့် ပူးတွဲအဖြစ် လည်းကောင်း တံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိခဲ့သည်။

(ကြေးမုံ)

ချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပြည်နယ်နှင့်တိုင်း ကြက်တောင် ရိုက်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ကံမြင့်ကျောင်းတိုက် အရှင်ကေလာသတရားပွဲ

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းတွင် တည်ရှိသော ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၌ အောက်တိုဘာ ၂၁၊ ၂၂ ရက် ညစဉ် ၇ နာရီ၌ မန္တလေးမြို့ ရန်ကင်း အေးငြိမ်းရိပ်သာ ကန္နီနည်းပြဆရာတော် အရှင်ကေလာသ (သာသနဓဇ၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ) ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ညောင်ကန်အေး ငွေရတု အကြိုတရားပွဲ များ

ရန်ကုန် အောက်တိုဘာ ၁၉

မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုပူဇော်ပွဲကို အောက်တိုဘာ၂၃ရက်တွင် ကျင်းပမည်ဖြစ်ရာ ငွေရတုအကြိုဓမ္မသဘင်တရားပွဲကို အောက်တိုဘာ ၂၀ရက်တွင် မဟာစည် နာယက ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (ပုသိမ်)ကလည်းကောင်း၊ အောက်တိုဘာ ၂၁ရက်တွင် မဟာစည် နာယက ဆရာတော် ဘဒ္ဒန္တကုမာရ (ကျောက်ပန်း တောင်း)က လည်းကောင်း၊ အောက်တိုဘာ ၂၂ရက်တွင် မဟာစည်နာယက ဆရာတော် ဘဒ္ဒန္တထေရာဝံသ (မြန်အောင်) ကလည်းကောင်း ညစဉ် ၇နာရီတွင် ဟောကြားမည်ဖြစ်သည်။ (က-ပ)



အောက်တိုဘာ ၁၈ ရက်က ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၃) ရပ်ကွက် အောင်မင်္ဂလာ (၄)လမ်း မိသားစု တတိယအကြိမ်မြောက် သံဃာ့ဒါန ဆွမ်းအောင်ပွဲ အခမ်းအနားကို သီရိမင်္ဂလာစာသင်တိုက်တွင် ကျင်းပရာ ဦးစီးပဓာန နာယက ဆရာတော်ကြီးထံသို့ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးဝင်းစိန်၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်နှင့် အတွင်းရေးမှူး ဦးပြုံးချိုအဖွဲ့က လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၁၉

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း (အထက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း (အောက်ပိုင်း)၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆း၃ဝနာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

အောက်တိုဘာ ၂၀ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်း (အောက်ပိုင်း)တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆ဝဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုအထိမ်းအမှတ် နိုင်ငံတကာ၌ ပြသခဲ့သည့်မြန်မာကားများ ရုံတင်မည်

ရန်ကုန် အောက်တိုဘာ ၁၉

ယခုတစ်ပတ် သောကြာနေ့ အောက်တိုဘာ ၂၁ရက်တွင် မြန်မာဇာတ်ကားသစ်များ ရုံမတင်ဘဲ ပြသဆဲမြန်မာဇာတ်ကားများသာ ပြသလျက်ရှိသည်။

ရွှေဆောင်နှင့် သွင်ရုပ်ရှင်ရုံတို့တွင် **ပျော်လိုက်ရအောင်** ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ **ပျော်လိုက်ရအောင်** ဟာသဇာတ်ကားကို ဒါရိုက်တာကိုဇော် (အရုဏ်ဦး) က ရိုက်ကူးထားခြင်းဖြစ်ပြီး ပုဏ္ဏမီ၏ ဝတ္ထုကို ကိုအောင်မင်းသိမ်းနှင့် အောင်ကြီးတို့က ဇာတ်ညွှန်းရေးသားထားသည်။ အကယ်ဒမီလွင်မိုး အကယ်ဒမီစိုးမြတ်နန္ဒာနှင့် ခိုင်သင်းကြည်တို့ ခေါင်းဆောင် ပါဝင်ထားကြသည်။

ပြသဆဲ မြန်မာဟာသဇာတ်ကား တစ်ကားဖြစ်သည့် ပျော်လိုက်ရအောင် ဇာတ်ကားမှ ဟာသသရုပ်ဆောင်များ။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ပြသဆဲဇာတ်ကားတစ်ကားဖြစ်သည့် **လင်းနို့လူသား** ဇာတ်ကားဖြစ်သော Batman Begins ဇာတ်ကား ဆက်လက်ပြသနေသည်။ မင်္ဂလာရုံတွင် Kung Fu Hustle ဇာတ်ကား တစ်ကျော့ပြန် ရုံတင်ပြသသည်။ ထိုဇာတ်ကားမှာ တစ်ချိန်က ရှန်ဟဲမြို့တွင် ရာဇဝတ်ဂိုဏ်းကြီးများ ကြီးစိုးနေမှုကို နောက်ခံဇာတ်လမ်းပြု၍ ရိုက်ကူးထားခြင်းဖြစ်ပြီး တရုတ်ရိုးရာ ကိုယ်ခံကွန်ဖူးပညာကို အသားပေးရိုက်ကူးထားသည့် ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ပြသမည့် ချစ်ခြင်းငယ်ပြိုင်ဇာတ်ကားမှ ကျော်သူ၊ ရန်အောင်နှင့် စိုးမြတ်နန္ဒာတို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပြသမည့် လျှို့ဝှက်သောနှင်းဇာတ်ကားမှ လူမင်း။

မြန်မာ့ရုပ်ရှင်နေ့ဂုဏ်ပြု

မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် အရုပ်၊ အသံ၊ အလင်း၊ အရည်အသွေးကောင်းမွန်သောမြန်မာဇာတ်ကားကောင်းများကို တစ်ပတ်တိတိ ရုံတင်ပြသမည်ဖြစ်သည်။ အဆိုပါ ဇာတ်ကားများမှာ အသံကို SR စနစ်ဖြင့် အထူးကောင်းမွန်အောင် ဖန်တီးထားသော ဇာတ်ကားများဖြစ်ပြီး အင်္ဂလိပ်စာတန်းထိုးဇာတ်ကားများလည်း ပါဝင်ပြသမည်ဖြစ်သည်။

အောက်တိုဘာ ၂၁ရက်နှင့် ၂၂ရက်တို့တွင် ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးသော **လျှို့ဝှက်သောနှင်း** ဇာတ်ကားကို ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားသည် တောင်အာဖရိက၊ စင်ကာပူ၊ ကိုရီးယားသမ္မတနိုင်ငံများသို့ သွားရောက်ပြသခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေကြက်ဖ ရုပ်ရှင်ပွဲတော်နှင့် ဂျပန်နိုင်ငံ တိုကျိုရုပ်ရှင်ပွဲတော်များတွင်လည်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ချစ်ခြင်းငယ်ပြိုင်

အောက်တိုဘာ ၂၃ရက်နှင့် ၂၄ရက်တွင် ဒါရိုက်တာကြည်စိုးထွန်း၏ **"ချစ်ခြင်းငယ်ပြိုင်"** ဇာတ်ကားကို ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားမှာလည်း ထိုင်းနှင့် စင်ကာပူနိုင်ငံများတွင် ပြသခဲ့ပြီး အိန္ဒိယရုပ်ရှင်ပွဲတော်နှင့် ဂျပန်နိုင်ငံ တိုကျိုရုပ်ရှင်ပွဲတော်များသို့ သွားရောက်ပြသမည့် ဇာတ်ကားဖြစ်သည်။

ကျန်စစ်မင်း

အောက်တိုဘာ ၂၅ရက်၊ ၂၆နှင့် ၂၇ ရက်တို့တွင် ဒါရိုက်တာလူမင်း၏ **"ကျန်စစ်မင်း"** ဇာတ်ကားကို ပြသသွားမည်ဖြစ်သည်။

၎င်းဇာတ်ကားမှာလည်း မလေးရှား၊ ဩစတြေးလျ၊ စင်ကာပူနိုင်ငံတို့တွင် ပြသခဲ့သည်။ အခြား ပြည်ပနိုင်ငံများသို့လည်း ဆက်လက် သွားရောက်ပြသရန် စီစဉ်နေသော ဇာတ်ကားဖြစ်သည်။

(ကြေးမုံ)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေးအားပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ ရွှေပြည်သာမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးအားပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းကာ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်ကြရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နံနက် ၇နာရီခွဲတွင် တိုင်းမှူး၊ ဝန်ကြီး၊ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ရွှေပြည်သာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြပြီး ရုံးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန အရာရှိများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူးဒေါက်တာတင်မောင်ဝင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါက်တာစိုးစိုးထွန်းနှင့် ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၄၃မြို့နယ်တို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှု၊ ပညာပေးစည်းရုံးဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေမှုအခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရွှေပြည်သာမြို့နယ်တို့၌ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ✧

တေရသမအကြိမ် (၁၃ ကြိမ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဋ္ဌမနေ့ ပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

တိုင်းရင်းသားပြည်သူများ ဇာတိသွေး ဇာတိမာန် မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး စသည့် ပြည်သူများ၏ စိတ်ဓာတ်ရေးရာ အခြေခံများ ရင့်သန်ခိုင်မာစေရေးအတွက် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာစွမ်းအားတို့ဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးလျက်ရှိသည့် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆဋ္ဌမနေ့အစီအစဉ်များကို ယနေ့နံနက်ပိုင်းမှ စတင်၍ ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော နေရာအသီးသီးတို့၌ ခံ့ညားထည်ဝါ စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပကြသည်။

ယင်းသို့ကျင်းပကြရာတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုပြိုင်ပွဲကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ်(အမျိုးသား)အက ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်မျိုးကိုကို ပါဝင်ယှဉ်ပြိုင်စဉ်။
(ကြေးမုံ)

ပညာရှင်အဆင့် (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မခိုင်ဇာကြည် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၉-၁၀-၂၀၀၅

ရွှေကျင်	၃ ဒသမ ၂၇ လက်မ
အမ်း	၁ ဒသမ ၃၈ လက်မ
ဟားခါးနှင့်ဖလမ်း	၁ ဒသမ ၁၄ လက်မ
ကျောက်ဆည်	ဝ ဒသမ ၇၉ လက်မ
မကွေး	ဝ ဒသမ ၅၅ လက်မ
မိုးကုတ်	ဝ ဒသမ ၅၂ လက်မ